မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၇)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အနေဖြင့် ယခုအခါ သင်တန်းဆင်း ဆရာ၊ ဆရာမ စုစုပေါင်း ၁၄၅၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်


စာမျက်နှာ ၁၆ ကော်လံ ၁ ✯





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်)

# ဂုဏ်ယူဖွယ်ကောင်းသည့် နိုင်ငံ့တာဝန်

တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုလည်း အဓိကထားဆောင်ရွက်နေသည်။ မြန်မာ့သမိုင်းစာမျက်နှာများတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ သင်ခန်းစာများ၊ အတွေ့အကြုံများရရှိထားပြီးဖြစ်သည်။ ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ ပြည်ပကျူးကျော်မှုတို့ကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သည် စွမ်းရည်ထက်မြက်နေရမည်ဖြစ်သည်။ ကာကွယ်ရေးအင်အားခိုင်မာနေရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရွယ်ရောက်သူနိုင်ငံသားများအား ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟူ၍လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဤသို့ပြဋ္ဌာန်းထားသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာ့အလယ်တွင် ထည်ဝါစွာနေထိုင်နိုင်ရေးအတွက် နိုင်ငံသားများဆောင်ရွက်ရမည့်တာဝန်များကို မမေ့လျော့စေရန် အသိပေးထားခြင်းဖြစ်သည်။ ရှေးက မိမိတို့၏ဘိုးဘွားများရယူပေးထားသော လွတ်လပ်ရေးသည် သားစဉ်မြေးဆက်တိုင်အောင်ခိုင်မြဲနေရမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝဆောင်ရွက်နိုင်ရန်မှာ နိုင်ငံသားအားလုံးက စစ်ပညာသင်ကြားတတ်မြောက်ထားပြီး နိုင်ငံတော်ကာကွယ်ရေးသဘောတရားများကို သိရှိနေရမည်ဖြစ်သည်။ နိုင်ငံတော်၏အမျိုးသားရေးတာဝန်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို နိုင်ငံသားအားလုံးက တပ်မတော်နှင့်အတူလက်တွဲ၍ ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားအားလုံးသည် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရွယ်ရောက်သူမှန်သမျှ၊ သတ်မှတ်ထားသည့်အသက်အပိုင်းအခြားနှင့်ကျန်းမာရေးကောင်းမွန်နေသူမှန်သမျှသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ အခြားသောနိုင်ငံအများအပြားတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ကျင့်သုံးနေကြသည်။ တိုးတက်လာသောခေတ်မီနည်းပညာများ၊ စစ်နည်းဗျူဟာများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို နိုင်ငံသားအားလုံးက အလေးထားရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ကိုးကွယ်သောဘာသာကိုတန်ဖိုးထားရမည်ဖြစ်သည်။ စစ်ပညာသင်ကြားတတ်မြောက်ထားသူများ၊ နိုင်ငံတော်ကာကွယ်ရေးအတွက်ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးသူများရှိနေပြီဆိုပါက နိုင်ငံတော်တွင် အရေးကိစ္စပေါ်ပေါက်လာပါက အချိန်မဆိုင်းစုစည်းကာကွယ်နိုင်ကြမည်ဖြစ်သည်။

လူငယ်မှန်သမျှသည် ကျန်းမာကြံ့ခိုင်၍သန်စွမ်းနေကြရမည်ဖြစ်သည်။ ထိုသို့ကျန်းမာကြံ့ခိုင်နေစေရေးအတွက် ကျန်းမာရေးလေ့ကျင့်ခန်းများကို လုပ်ဆောင်နေရပေမည်။ စစ်ပညာသင်ကြားခြင်းသည် နိုင်ငံတော်ကိုကာကွယ်ရန်အတွက် အဓိကဖြစ်သကဲ့သို့ လူငယ်တိုင်း၏ကျန်းမာကြံ့ခိုင်ရေးကိုလည်း လေ့ကျင့်ပေးခြင်းဖြစ်သည်။ လူငယ်ဆိုသည်မှာ အနာဂတ်နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို မလွဲမသွေဦးဆောင်ကြရမည့်သူများဖြစ်ကြပေရာ လူငယ်များ၏စိတ်တွင် နိုင်ငံတော်ကိုချစ်မြတ်နိုးစိတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအလေးထားသည့်စိတ်များရှိနေရမည်ဖြစ်သည်။

နိုင်ငံတော်ဆိုသည်မှာ သားစဉ်မြေးဆက်ထာဝစဉ်တည်ရှိနေရမည့် နယ်နိမိတ်အပိုင်းအခြားတစ်ခုဖြစ်သည်။ ထိုနယ်နိမိတ်တည်တံ့ခိုင်မြဲနေစေရန်မှာ မျိုးဆက်အဆက်ဆက်တို့၏တာဝန်ဖြစ်သည်။ မိမိပိုင်နက်နယ်မြေကို မိမိထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာ မွေးရာပါတာဝန်ဖြစ်သည့်အတွက် လူငယ်တိုင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် လူငယ်များတက်ကြွရွှင်လန်းစွာ စစ်ပညာသင်ကြားနေသည့်မြင်ကွင်းများမှာ နိုင်ငံတော်အတွက်အားအင်များဖြစ်သည်။ တပ်မတော်သည် အကြမ်းဖက်သောင်းကျန်းသူများယာယီစိုးမိုးထားသည့် နေရာဒေသမှန်သမျှကို အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဆင်နွှဲကာ ပြန်လည်သိမ်းပိုက်လျက်ရှိသည်။ အဆိုပါဒေသများတွင် လူငယ်မောင်မယ်များစာပေသင်ကြားမှုအခွင့်အရေးများပြန်လည်ရရှိကာ အနာဂတ်အတွက်ကောင်းသောအခွင့်အလမ်းများရရှိမည်ဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများမှာ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ကြပြီဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ဂုဏ်ယူဖွယ်ကောင်းသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မြန်မာနိုင်ငံသားလူငယ်များပါဝင်ထမ်းဆောင်လျက်ရှိခြင်းအား ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၆၇

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြိုပြိုင်ပွဲများဖွင့်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၂၁

မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြိုပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားနှင့်အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို အောက်တိုဘာလ ၂၀ ရက်နံနက်ပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးဒေါ်မော်မော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ယှဉ်ပြိုင်သူ ၁၅ ဦးအား အကဲဖြတ်ဒိုင်အဖွဲ့က ရွေးချယ်ကြသည်။

အဆိုပါ ၁၅ ဦးသည် အောက်တိုဘာလ ၂၉ ရက်တွင် ကျင်းပမည့် ခရိုင်ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဆက်လက်ယှဉ်ပြိုင်ပြီး ဆုရရှိသူ ၅ ဦးကို ရွေးချယ်ဆုပေးအပ်မည်ဖြစ်သည်။ အဆိုပါပွဲတော်အကြိုပြိုင်ပွဲများတွင် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများပါဝင်ကြောင်း သိရသည်။ (၆၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၃၀၅၀ စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်းဧက ၃၀၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ တောင်သူတွေကိုလည်း ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးမှာပါ။ သီးနှံအထွက်နှုန်းတိုးတက်စေဖို့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးတို့ကို ကြီးကြပ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို အထွက်နှုန်းကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် ပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းကို မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အားထားစိုက်ပျိုးကြပြီး စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဖူးစားပြောင်းစိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းမှုရှိကာ သီးနှံအထွက်နှုန်းပေါ်မူတည်ပြီး အကျိုးအမြတ်ရရှိသဖြင့် ဒေသခံတောင်သူများက ဖူးစားပြောင်းကို နှစ်စဉ်အားထားစိုက်ပျိုးကြကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တောင်တွင်းကြီးမြို့နယ်၌ ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး



တောင်တွင်းကြီး အောက်တိုဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ပွင့်လှလေး-ပွင့်လှကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများ၊ မကွေးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးနှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပွင့်လှလေး-ပွင့်လှကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ယင်းမလည်ချောင်း သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ပွင့်လှလေး-ပွင့်လှကြီးကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၆၀၊ အကျယ် ၁၈ ပေရှိ ယင်းမလည်ချောင်း သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် ၂၉၅ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ပြည့်အောင်ကုမ္ပဏီက ဇွန်လပထမပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်သံကူကွန်ကရစ်တံတားဆောင်ရွက်ပြီးစီးပါက ပွင့်လှလေး-ပွင့်လှကြီးကျေးရွာ အပါအဝင် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ကျွန်းစုမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ကျွန်းစု အောက်တိုဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို အောက်တိုဘာလ ၂၀ ရက်က ကပကျေးရွာအုပ်စု ကပကျေးရွာ (Smart Village) ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းသန္တာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသည် ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန်နှင့် တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမှသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အထိ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး သင်တန်းတွင် စားသောက်ကုန် ၁၇ မျိုး ပြုလုပ်နည်းများကို အောက်တိုဘာလ ၂၀ ရက်မှ ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# ကျောင်းကုန်းမြို့နယ်၌ ပိန်းဥများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ပိန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးသူ၏ပြောဆိုချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါပိန်းဥများ တစ်ရက်လျှင် ပိဿာ ၂၅၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။



"ကျောင်းကုန်းမြို့နယ်ကနေထွက်တဲ့ လယ်ယာသီးနှံတွေက ဒေသဈေးကွက်မှာ အရောင်းအဝယ်ရှိပြီးသားဖြစ်ပါတယ်။ လက်ရှိ ဝယ်လိုအားများနေတယ်။ စားသုံးသူများလာတာကြောင့်လို့ ယူဆပါတယ်။ လက်ရှိရောင်းချနေတဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်တယ်။ ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားတက်နေတာပါ" ဟု ဒေါ်မိုးသူကပြောသည်။

ကျောင်းကုန်းမြို့နယ်၌ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးစိန်ဦး ခန့်အပ်လွှာပေးအပ်



နေပြည်တော် အောက်တိုဘာ ၂၂

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိန်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ အီစတာနာနန်းတော်၌ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ အစ်နီ အယ်လ်မာဟွန် ဆူလ်တန် ဟာဂျီ အိုမာအလီ ဆိုင်ဖူဒင် ဆအာဒူလ် ခိုင်ရီ ဝါဒင် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲဖွင့်ပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲတွင် ခတ၊ အတိုက်၊ အသင်းလိုက် အမျိုးသား၊ အမျိုးသမီးတို့ဖြင့် အမျိုးအစား(၃)မျိုးပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် အောက်တိုဘာလ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာ စကားဝိုင်းကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၁

"ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာ စကားဝိုင်း -၁" ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ယခုစကားဝိုင်းကို တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်၊ အမှုလိုက်ပါဆောင်ရွက်ရာ၌ သိသင့်သိထိုက်သည့်ဥပဒေရေးရာကိစ္စများကို ပိုမိုနှံ့စပ်နားလည်စေရန်၊ ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့်အခွင့်အရေးများကို ပိုမိုသိရှိပြီး အရည်အချင်းပြည့်ဝသောရှေ့နေရှေ့ရပ်များဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တက်ရောက်သူ တရားလွှတ်တော်ရှေ့နေများအနေဖြင့် ယခုစကားဝိုင်းတွင် လေ့လာခွင့်ရသည့်ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်၌ အကျိုးရှိစွာအသုံးချစေလိုကြောင်း၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များတွင် တစ်ဖက်တစ်လမ်းမှပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တရားလွှတ်တော်ရှေ့နေကြီးများက တရားမတရားစီရင်ရေးနှင့် ရှေ့နေရှေ့ရပ်အခန်းကဏ္ဍ၊ ရှေ့နေကောင်းတစ်ယောက်၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ၊ ရှေ့နေရှေ့ရပ်များ၏ တရားရုံးကျင့်စဉ်များနှင့် လျှောက်လဲချက်ကောင်းတစ်ခု စသည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ တရားလွှတ်တော်ရှေ့နေများ ကောင်စီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၁-၁၀-၂၀၂၅

| | | | |
|---|---|---|---|
| ဘိုကလေး | ၂ ဒသမ ၁၅ လက်မ | ကျိုက်လတ် | ၁ ဒသမ ၀၁ လက်မ |
| မော်လမြိုင်ကျွန်း | ၁ ဒသမ ၆၁ လက်မ | နေပြည်တော်(ဥတ္တရသီရိ) | သုည ဒသမ ၉၈ လက်မ |
| မြိတ် | ၁ ဒသမ ၅၇ လက်မ | ရွှာငံ | သုည ဒသမ ၈၃ လက်မ |
| မချမ်းဘော | ၁ ဒသမ ၃၈ လက်မ | ညောင်ရွှေ | သုည ဒသမ ၇၉ လက်မ |
| လော | ၁ ဒသမ ၁၄ လက်မ | ဖြူး | သုည ဒသမ ၇၁ လက်မ |

# စက်သုံးဆီအရောင်းဆိုင်များကို ခေတ်မီလုံခြုံစိတ်ချရသည့် သိုလှောင်စခန်းနှင့် အရောင်းဆိုင်များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ စတင်ပြောင်းလဲကျင့်သုံးသည့်ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်သည်။

စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးခြင်း လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် စက်သုံးဆီသိုလှောင်စခန်းနှင့် အရောင်းဆိုင်များအား ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ခေတ်မီလုံခြုံစိတ်ချရသောသိုလှောင်စခန်းနှင့် အရောင်းဆိုင်များဖြစ်စေရေး၊ ပြည်တွင်းစက်သုံးဆီလိုအပ်ချက်အား ပြတ်လပ်မှုမရှိစေဘဲ ဖူလုံစွာဖြည့်ဆည်းပေးနိုင်ရေး၊သတ်မှတ်အရည်အသွေးအခြင်အတွယ် ပြည့်မီမှန်ကန်စေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သော ရောင်းဈေးနှုန်းများအတိုင်း ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းလုပ်ကိုင်သည့်လုပ်ငန်းများရှိ သိုလှောင်စခန်းများနှင့် အရောင်းဆိုင်များတွင် Real Time Online Monitoring နှင့် CCTV တပ်ဆင်ပြီး ခေတ်မီ လုံခြုံစိတ်ချရမှုရှိသည့်စနစ်အတွက် အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုပါ ဖော်ဆောင်လျက်ရှိသည်။

သိုလှောင်စခန်းများနှင့် အရောင်းဆိုင်များတွင် Real Time Online Monitoring နှင့် CCTV စနစ်များ တပ်ဆင်ခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတပ်ဆင်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် တပ်ဆင်ပြီးစီးခဲ့သည့်စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပျက်စီးမှုများအား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကာ စွမ်းအင်ဝန်ကြီးဌာနကလည်း လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းသည် ပြည်တွင်း၌ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေးအာမခံချက်ရှိစေရန်၊ ပြည်ပစက်သုံးဆီတင်သွင်းမှုမှစ၍ End User အထိ Supply Chain တစ်ခုလုံးအားစောင့်ကြည့်ထိန်းသိမ်းကြီးကြပ်နိုင်ရန်၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သောအစီအမံများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းစက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီအဖွဲ့အစည်းများအားလုံးပါဝင်သည့် Supply Chain တစ်ခုလုံးအား Online စနစ်ဖြင့် စောင့်ကြည့်ဖြည့်ဆည်းပေးသည့်စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်များရယူဆောင်ရွက်ရသည့်အပြင်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုမရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေးအာမခံချက်ရှိစေရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း သိရသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသောစံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရပြီး စွမ်းအင်ဝန်ကြီးဌာနကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် စနစ်တကျထိန်းသိမ်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၀ ဦးနှင့် အမျိုးသမီး ၆ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၃ ဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သုံးခွမြို့နယ်၊ ဒလမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၃ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးတို့က ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ မုံရွာမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၃ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုံးမသြဝါဒစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MK-12 ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၁၂ ဗို့ကျည် ၉ တောင့်၊ လက်လုပ်ပစ္စတို ၁ လက်နှင့် လက်လုပ်ပစ္စတိုကျည်အိမ် ၁ ခုတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးကလက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား တစ်ဦးလျှင် ဆုကြေးငွေကျပ်သိန်း ၂၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၄၂၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"သမီးတို့ရွာကနေ သူငယ်ချင်းရှိရာကို အလည်သွားရင်းနဲ့ လမ်းမှာ PDF အဖမ်းခံရပြီး ထောင်ကျခံမလား၊ စစ်မေလုပ်မလား အကျပ်ကိုင်မေးခဲ့လို့ စစ်မေလုပ်ရင်လွတ်လမ်းရှိတယ်လို့တွေးမိပြီး PDF ထဲရောက်ရှိခဲ့ပါတယ်။ သင်တန်းကိုတော့ မင်းကင်းမြို့နယ် ထန်းပင်ချောင်းရွာအနီးက တောတိုက်ထဲမှာ ယောကျ်ား၊ မိန်းမအင်အား ၂၀ နဲ့အတူ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းကိုတော့



စစ်သင်တန်း၊ လက်နက်ငယ်နဲ့ မိုင်းလုပ်နည်း၊ မိုင်းထောင်နည်းတွေကို သင်ကြားပေးပါတယ်။ သင်တန်းဆင်းတော့ သူတို့အတွက် ထမင်း၊ ဟင်းချက်ပြုတ်ရေးနဲ့ လုံခြုံရေးကင်းတာဝန်တွေကို ထမ်းဆောင်ခဲ့ရပါတယ်။ သမီး PDF ထဲ ဝင်ရောက်ချိန်မှာ PDF အကြမ်းဖက်အဖွဲ့တွေက ဂိတ်တွေမှာ ဆက်ကြေးကောက်တယ်၊ လူတွေကိုလည်း ဖမ်းပြီး အနိုင်ကျင့်တယ်။ သူတို့ထဲကို အတင်းအကျပ်ဝင်စေတယ်။ ရွာထဲက လူတွေကိုလည်း လက်နက်အားကိုးနဲ့ အနိုင်ကျင့်တယ်။ နှိပ်စက်တာတွေလုပ်တယ်။ သမီးကအစောကတည်းက သူတို့ထဲကို ဝင်ချင်ခဲ့တာမဟုတ်ပါဘူး။ ဖမ်းဆီးမခံရဖို့အတွက် စစ်မေလုပ်ခဲ့ပြီး အခွင့်အရေးရတာနဲ့ လုံခြုံရေးစခန်းမှာ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ သမီးမိဘတွေဆီကို ပြန်ရတော့မှာမို့ အရမ်းဝမ်းသာမိပါတယ်။ ပြီးတော့ ဒီဇင်ဘာလမှာကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ သမီးကိုယ်တိုင်လည်း မဲပေးမယ်။ PDF အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့သူတွေကိုလည်း ပြောချင်တာကတော့ သူတို့ပြောသလို အလင်းဝင်ရင် ဖမ်းဆီးမယ်။ ထောင်ချမယ်။ နှိပ်စက်မယ်ဆိုတာမဟုတ်ပါဘူး။ အခုလို နွေးနွေးထွေးထွေးကြိုဆိုပြီး ထောက်ပံ့မှုတွေ လုပ်ပေးတာ သမီးကိုယ်တွေ့ပါပဲ။ ဒါကြောင့် အချိန်မနှောင်းခင် အမြန်ဆုံး အလင်းဝင်ရောက်ကြဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်"ဟုပြောသည်။

"ကျွန်တော်အရင်က မန္တလေးမြို့မှာ ပန်းပုထုတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၁ ခုနှစ်မှာ ကျွန်တော်ရွာကို ရောက်ပြီးတော့ ဆိုင်ကယ်နဲ့ဈေးရောင်းတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ သူငယ်ချင်းက မင်းသေနတ်ကိုင်ချင်လား၊ မင်းသေနတ်ကိုင်ဖူးချင်လား၊ သေနတ်ပစ်ဖူးချင်လား၊ ပစ်ဖူးကိုင်ဖူးချင်ရင် ငါနဲ့လိုက်ခဲ့ဆိုပြီး ခေါ်ဆောင်သွားတဲ့အတွက် ကျွန်တော် အကြမ်းဖက် PDF စခန်းကို လိုက်သွားခဲ့ပါတယ်။ အဲ့ဒီနောက်မှာ သူတို့ရဲ့အကြမ်းဖက်ခေါင်းဆောင်က ကျွန်တော့်ကို ပြန်ရင်မိဘတွေကိုသတ်ပစ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် PDF ထဲကိုဝင်ခဲ့ရပါတယ်။ သင်တန်းမှာတော့ လက်နက်ငယ်ပစ်နည်း၊ မိုင်းထောင်နည်း၊ မိုင်းခွဲနည်းတို့ကို သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော်သင်တန်းဆင်းတော့ ထမင်း



အချက်အပြုတ်နဲ့ ကင်းစောင့်တာဝန်ကို ယူခဲ့ရပါတယ်။ ကျွန်တော်အကြမ်းဖက်လုပ်ရပ်တွေမှာ မပါဝင်ခဲ့ပါဘူး။ တစ်ခါတလေမှာ သူတို့ရွာထဲမှာ ဆက်ကြေးသွားကောက်တဲ့အချိန်မှာ ကျွန်တော်လိုက်ခဲ့ရပါတယ်။ နောက်ပြီးရင် ကျွန်တော်တို့ အဝင်အထွက်လမ်းတွေ၊ ရွာကတံတားလမ်းတွေမှာလည်း

စာမျက်နှာ ၇ သို့ ➪

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာ သင်တန်းအမှတ်စဉ် (၂) အပိုင်း(၂) သင်တန်းဖွင့်ပွဲကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာသင်တန်းအမှတ်စဉ် (၂) အပိုင်း(၂) (Diploma in International Public Sector Accounting Standards – Dip IPSAS) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁)ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့်ကောင်စီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က သင်တန်းမှ IPSAS စာရင်းစံများနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများ ရရှိမည်ဖြစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် လိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံစာများကို ရေးဆွဲနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

IPSAS သင်တန်းတွင် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံ ၁၄ ခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ နှစ်ဦး၊ ဝန်ကြီးဌာန ၁၃ ခု မှ ၂၄ ဦး စုစုပေါင်း သင်တန်းသား ၂၆ ဦး တက်ရောက်ကြကာ သင်တန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

IPSAS သင်တန်းကို Batch တစ်ခုလျှင် သင်တန်း level သုံးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ပြီး level တစ်ခုချင်းအလိုက် သင်တန်းတက်ရောက်အောင်မြင်သူများကို Certificate လက်မှတ်များ ပေးအပ်ကာ Level– III အထိ တက်ရောက်အောင်မြင်သူများကို ဒီပလိုမာလက်မှတ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ပဉ္စမအကြိမ် သာမဏေကျော်စာမေးပွဲကြီးနှင့် ဒသမအကြိမ် အင်းသားအမျိုးသားနေ့အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

နာဂပုရသာသနာလင်္ကာရအသင်းကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ပဉ္စမအကြိမ် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကြီးတွင်ဝင်ရောက်ဖြေဆိုနေကြသည့်တိုင်းဒေသကြီး၊ပြည်နယ်များမှ ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် အလှူငွေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ သာမဏေကျော်စာမေးပွဲကြီးတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရဟန်း၊ သာမဏေ၊ သီလရှင် လာရောက်ဖြေဆိုမှုအနေဖြင့် တတိယအဆင့်တွင် ၂၅၄ ပါး၊ ဒုတိယအဆင့်တွင် ၈၁၂ ပါး၊ ပထမအဆင့်တွင် ၁၇၉၈ ပါး၊ ဥပစာတန်းတွင် အပါး ၁၂၀၊ မူလတန်းတွင် ၃၃၄ ပါး စုစုပေါင်းအပါး ၃၃၀၀ ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် ခန်းမ၌ကျင်းပသည့် ဒသမအကြိမ်အင်းသားအမျိုးသားနေ့အခမ်းအနားသို့တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒသမအကြိမ် အင်းသားအမျိုးသားနေ့ အထိမ်းအမှတ် လူထုဆွေးနွေးပွဲမှ တွေ့ရှိချက်များကို အဆိုတင်သွင်းခြင်း၊ သဘာပတိကအတည်ပြုခြင်းတို့ကို အခမ်းအနားအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ညောင်ရွှေမြို့ ဖူဆယ်ကွင်း၌ ဒသမအကြိမ် အင်းသားအမျိုးသားနေ့ အထိမ်းအမှတ် ညောင်ရွှေမြို့နယ် ကျောင်းပေါင်းစုံ ကျောင်းသားလူငယ် ဘော်လီဘောပြိုင်ပွဲအကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

➪ **စာမျက်နှာ ၆ မှအဆက်**

ကျွန်တော် သူတို့လုံခြုံရေးအတွက် ကင်းစောင့်ပေးခဲ့ရပါတယ်။ ကျွန်တော် PDF အကြမ်းဖက်ထဲရောက်တဲ့အချိန်မှာ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်တဲ့ဝါဒကို ကျွန်တော်တွေ့ကြုံခဲ့ရပါတယ်။ နောက်ပြီးရင် လူကြီးပိုင်းတွေကတော့ လမ်းတံတားတွေ၊ ဂိတ်တွေမှာရတဲ့ ဆက်ကြေးငွေတွေနဲ့ ရွာသူရွာသားတွေဆီက ကောက်ခံလို့ရတဲ့ ဆက်ကြေးငွေတွေနဲ့ အဆင်ပြေနေပြီးတော့ ကျွန်တော်တို့လက်အောက်က လူတွေကျတော့ ထမင်းတောင်မှ မဝရေစာစားခဲ့ရပါတယ်။ ဖျားနာလာတဲ့အချိန်မှာလည်း ဆေးကုသဖို့ ဆရာဝန်မရှိဘူး။ နေရတာလည်း လုံးဝအဆင်မပြေပါဘူး။ ကြံ့သလိုဖြစ်သလိုနေရပါတယ်။ သူတို့နဲ့ အဆင်ပြေတဲ့သူတွေကျတော့ ကောင်းကောင်းမွန်မွန်နေရတယ်။ ဘာမှမလုပ်ရဘူး။ ကြီးနိုင်ငယ်ညှဉ်းနှိပ်ကွပ်မှုတွေလည်း ကျွန်တော်ကြုံတွေ့ခဲ့ရပါတယ်၊ အဆိုးဆုံးကတော့ ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာကတော့ အဆိုးဆုံးပါပဲ။ ကျွန်တော်အလင်းဝင်ရောက်ခဲ့တာကတော့ သူတို့ရဲ့လုပ်ငန်းတွေ၊ မတရားမှုတွေကိုမကြိုက်လို့ အလင်းဝင်ရောက်ခဲ့တာပါ။ ဆရာ၊ ဆရာမတွေကိုသတ်ဖြတ်တာ၊ ရဟန်းသံဃာတွေကို သတ်ဖြတ်တာကအစ ကျွန်တော်လက်မခံနိုင်လို့ သူတို့ရွာတွေမှာဆက်ကြေးကောက်နေတဲ့အချိန်မှာ ကျွန်တော်အခွင့်သာလို့ ထွက်ပြေးလာပြီးတော့ နီးစပ်ရာစခန်းမှာ ကျွန်တော်အလင်းဝင်ခဲ့ပါတယ်။ ကျွန်တော် အလင်းဝင်ရောက်တဲ့အခါမှာ ကျွန်တော် တစ်ခုခုများဖြစ်မလားဆိုပြီးတော့ စိုးရိမ်စိတ်ကြီးနဲ့ တွေးမိပါတယ်။ တကယ်တမ်းကျတော့ အစိုးရနဲ့တပ်မတော်ကကျွန်တော်တို့ကိုနွေးထွေးစွာကြိုဆိုတယ်၊ အစားအစာနဲ့ထောက်ပံ့ကြေးငွေတွေပေးတယ်၊ ကျန်းမာရေးကအစ စစ်ဆေးပေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို နေစရာတွေပေးတယ်။ နောက်ပြီး ကျွန်တော်တို့မိသားစုနဲ့အတူ အမြန်ဆုံးပြန်နေခွင့်ရအောင် စီစဉ်ပေးလို့ ကျွန်တော်တို့ အစိုးရနဲ့ တပ်မတော်က လူကြီးတွေကို ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်" ဟုပြောသည်။ (၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းငါးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ခြေကျေးရွာအုပ်စု တံတားကြီးကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းလုပ်ငန်းများသည် ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံတောင်သူများအနေဖြင့် မြေပဲ၊ နေကြာ၊ ဂျုံ၊ စပါး၊ ခရမ်းချဉ်၊ ပဲပုပ်၊ ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများ စိုက်ပျိုးရာတွင် ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# မုံရွာမြို့၌ e-Government လုပ်ငန်းစွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၃)ဖွင့်ပွဲကျင်းပ

မုံရွာ အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး e–Government စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် e–Government လုပ်ငန်းစွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး e–Government စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ပါမောက္ခချုပ်ထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်က e–Government လုပ်ငန်းစွမ်းအားအရင်းအမြစ်အရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာဖွင့်လှစ်၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးသန္တာ**

# ဝခြင်းပိန်ခြင်းထက် ရောဂါကင်းစင်တဲ့ခန္ဓာကိုယ်ဖြစ်အောင် ဂရုစိုက်ခြင်းကသာ အရေးကြီး

**"သင့်တင့်သောဝခြင်းသည် အလှတစ်ပါးဖြစ်သည်။ လွန်ကဲအောင်ဝမလာမီ ဝိတ်မထိန်းခဲ့မိလျှင် အချိန်လွန်မှ ဝိတ်ချခြင်းကြောင့် အမှားဖြစ်တတ်ပါသည်။ ဝခြင်း၊ ပိန်ခြင်းထက် ရောဂါကင်းစင်သည့် ခန္ဓာကိုယ်ဖြစ်အောင် ဂရုစိုက်ခြင်းကသာ အရေးကြီးပါသည်။ အလောတကြီးပိန်ဖို့မကြိုးစားဘဲ ပုံမှန်လေ့ကျင့်ခန်းများပြုလုပ်၍သာ ခန္ဓာကိုယ်ဝိတ်မတက်အောင် ထိန်းထားသင့်သည် . . ."**

သုတေသနပြုသူများ၏အဆိုအရ ခန္ဓာကိုယ်ဝသူများသည် စိတ်ချမ်းသာမှုရှိသည်။ ပြုံးရွှင်သောမျက်နှာရှိသည်။ အအေးကို နှစ်သက်သလို၊ ဟာသကိုလည်း နှစ်သက်သဖြင့် ၎င်းတို့နှင့် ပေါင်းသင်းရသူများမှာ စိတ်ချမ်းသာမှုရကြသည်ဟု ဆိုပါသည်။

မိမိကိုယ်မိမိ ဝသည်ဟု မှန်ကြည့်ပြီး စိတ်မချမ်းသာဖြစ်နေရန်မလိုပါ။ ဝခြင်း၏အလှတရားကို ခံစားတတ်သူအများအပြားရှိသည်ဟု သိထားရန်လိုပါသည်။ အောင်မြင်မှုထိပ်တန်းရောက်သည့် ကမ္ဘာကျော် ပုဂ္ဂိုလ်အတော်များများသည် ဝသောသူနှင့် အရပ်ပုသူများဖြစ်လေ့ရှိသည်ဟူသော မှတ်တမ်းများလည်းရှိသည်။

လူအများစုက မိမိကိုယ်ကို ဝလာပြီဟု သိသည်နှင့်တစ်ပြိုင်နက် ဆက်မဝအောင် ကြိုးစားလေ့ရှိကြသည်။ ထိုသူများသည် နေ့စဉ် Body Weight ချိန်လေ့ရှိကြပြီး ဝိတ်ကျသွားလျှင် ပျော်ရွှင်ကြပြီး ဝိတ်တက်လာလျှင် စိတ်ဓာတ်ကျကြသည်။ ညစာစားခြင်းကို ရှောင်သည်။ နေ့လယ်စာကိုလည်း လျှော့စားသည်။ အချိုနှင့် အချိုရည်များကိုပါ ရှောင်တော့သည်။ ထိုအခါ ခန္ဓာကိုယ်အလေးချိန်လျော့သွားသည်မှာ မှန်သော်လည်း သတိ၊ အသိနှင့်ထိန်းပြီး စားချင်တာမှန်သမျှ မစားရ။ စားရသော်လည်း မဂရေစာဖြစ်ပြီး စိတ်ညစ်စရာလူနေမှုဘဝဖြစ်လာတော့သည်။

ထို့ထက်ဆိုးသည်မှာ အဆီကျပိန်ဆေးများဘက်သို့ ဦးလှည့်သွားခြင်းဖြစ်သည်။ ပြည်ပနိုင်ငံများမှ ဝင်ရောက်သည့် အဆီကျပိန်ဆေးများနှင့် လူပြောများသောဆေးမြီးတို(ဆေးနည်းတို) များပါမကျန် သုံးစွဲလာကြသည်။ အလွန်အကျွံသုံးစွဲမိလျှင် ဓာတုဗေဒဆေးဝါးဖြင့်ပြုလုပ်ထားသော ပိန်ဆေးများကြောင့် အသက်အန္တရာယ်ထိခိုက်နိုင်သည်။ အဆီကျပိန်ဆေးများကြောင့် အသက်ဆုံးရှုံးရသူများလည်း ရှိခဲ့ဖူးပါသည်။

သံပရာသီးကို အရည်ညှစ်ပြီး တစ်နေ့ ၁၀ လုံးသောက်နိုင်လျှင် ပိန်သည်ဆိုသဖြင့် သုံးလခန့် နေ့စဉ်စွဲသောက်ခဲ့သူတစ်ဦးကို တွေ့ဖူးပါသည်။ ထိုသူမှာ ပိန်သွားသည်မှာ မှန်သော်လည်း ခါးကိုက်ဝေဒနာခံစားလာရသဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်သောအခါ ကျောက်ကပ်တစ်ဖက်တွင် ကျောက်တည်ဝေဒနာခံစားနေရသည်ကို တွေ့ရသည်။ ဗီတာမင်-C ကို အလွန်အကျွံသုံးစွဲလျှင် ကျောက်တည်တတ်ပါသည်။ အရေပြားများတွင် အချဉ်ဓာတ်လွန်ကဲလျှင် အသားအရေပပ်ကြားအက်ပြီး အက်ကွဲတတ်သည်။

အာယုဗ္ဗေဒဆေးပညာအခြေခံတွင် အချဉ်နှင့် အစပ်အရသာတွဲစားလျှင် လူကိုပိန်စေနိုင်သည်။ အသင့်အတင့်စားသုံးရန်သာဖြစ်ပါသည်။ လွန်ကဲလျှင် အချဉ်၊ အစပ်၊ အပြင်ရပ် ပျက်တတ် ပထဝီဟုဆိုသဖြင့် ကြွခိုင်စေသော ပထဝီဓာတ်ပျက်စီးပြီး အသားအရေနှင့် ကြွက်သားများပါ လျော့ရဲစေနိုင်သည်။

တစ်ခါက စာရေးသူတွေ့ဖူးသော ခပ်ဝဝအမျိုးသမီးကြီးတစ်ဦးမှာ အသားဓာတ်တိုးမည်စိုးသဖြင့် အသားငါးအားလုံးရှောင်သည်။ ငါးကိုလည်း နဂိုကတည်းက သိပ်မကြိုက်။ ငါးသေးသေးလေးများကြော်သည့် ဟင်းကိုတော့ အဆီကျစေသည့်ခေါင်းတစ်ရာသားဟုဆိုသဖြင့်စားသည်။ သူမသည် နေ့စဉ် လက်ဖက်နှင့်ထမင်းစားသည်။ လက်ဖက်က အဆီကျပိန်စေသည်ဟု စာစောင်များတွင်ဖတ်ရသဖြင့် စားခြင်းဖြစ်သည်။

သို့သော် သူမ၏အယူအဆအမှားမှာ လက်ဖက်ချည်းစားလျှင် အရသာမတွေ့သဖြင့် ပဲကြော်၊ ကြက်သွန်ကြော်၊ ပဲရေပွကြော်၊ နှစ်ပြန်ကြော်နှင့်စားသည်။ နေ့စဉ်ရက်ဆက်စားသော်လည်း သိသိသာသာပိန်မသွား။ မပိန်သည့်အပြင် လေအောင့်သောရောဂါဖြစ်လာသည်။

ရင်ညွန့်နှင့် နံဘေးစောင်းအောင့်တာ ကြာသောအခါ ပြင်ပဆေးရုံကြီးတစ်ခုတွင် အထွေထွေရောဂါကုသမားတော်ကြီးနှင့်ပြပြီး ကျန်းမာရေးစစ်ဆေးသည်။ အသားလုံးဝမစားသော်လည်း မကောင်းသော ကိုလက်စထရောများတက်နေသည်။ ထို့ပြင် ပိုဆိုးသည်မှာ သည်းခြေအိတ်တွင် ကျောက်များပိတ်ဆို့နေခြင်းဖြစ်သည်။ ထိုကျောက်ပိတ်ဆို့မှုကြောင့် လေအောင့်ဝေဒနာ ခံစားနေရခြင်းဖြစ်သည်။

အကြော်အလှော်များကို စားသုံးမှုများလျှင် အထူးသဖြင့် နှစ်ပြန်ကြော်များကို ရက်ဆက်စားသုံးလျှင် သည်းခြေအိတ်တွင် ကျောက်တည်တတ်သည်။ ထို့ထက်ဆိုးသည်မှာ ကြော်ပြီးသားအကြော်ဆီများကို ပြန်သုံးပြီးကြော်လျှင် ဆီပျက်ဟုခေါ်သော မသန့်စင်သည့်ဆီကြောင့် မကောင်းသောကိုလက်စထရော (LDL) တက်ခြင်းပင်ဖြစ်သည်။ ပိန်စေလို၍ အကြော်၊ လက်ဖက်နှင့် ထမင်းစားရာမှ သည်းခြေကျောက်ရောဂါ၊ သည်းခြေအိတ်ပိတ်သည့်ရောဂါတို့ ခံစားလာရခြင်းဖြစ်သည်။

သင့်တင့်သောဝခြင်းသည် အလှတစ်ပါးဖြစ်သည်။ လွန်ကဲအောင်ဝမလာမီ ဝိတ်မထိန်းခဲ့မိလျှင် အချိန်လွန်မှ ဝိတ်ချခြင်းကြောင့် အမှားဖြစ်တတ်ပါသည်။ ဝခြင်း၊ ပိန်ခြင်းထက် ရောဂါကင်းစင်သည့် ခန္ဓာကိုယ်ဖြစ်အောင် ဂရုစိုက်ခြင်းကသာ အရေးကြီးပါသည်။ အလောတကြီးပိန်ဖို့ မကြိုးစားဘဲ ပုံမှန်လေ့ကျင့်ခန်းများပြုလုပ်၍သာ ခန္ဓာကိုယ်ဝိတ်မတက်အောင် ထိန်းထားသင့်သည်။

တချို့သူများသည် စက်ကိရိယာများဖြင့် ပိန်ဖို့ကြိုးစားကြသည်။ နည်းမှန်လမ်းမှန် လေ့ကျင့်ပေးသော ဆရာများနှင့်ပြုလုပ်လျှင် ကောင်းကျိုးရနိုင်ပါသည်။ ကြော်ငြာအားကောင်းသော အဆီချစက်များကိုဝယ်ပြီး အဆီကျအောင်လုပ်ရင်း အဆစ်များရောင်လာပြီး ရောဂါရသူများကိုလည်း တွေ့ဖူးပါသည်။ သဘာဝအတိုင်းလမ်းလျှောက်ပြီး အဆီကျစေခြင်းက ပိုကောင်းပါသည်။ လေကောင်းလေသန့်ရသောနေရာတွင် တစ်နေ့တစ်နာရီခန့် လမ်းလျှောက်နိုင်ရန် ကြိုးစားသင့်ပါသည်။

အချုပ်အားဖြင့် အောက်ပါအကြံပြုချက်များကို သေချာစွာလိုက်နာကျင့်သုံးပြီး ဝိတ်မတက်အောင် ထိန်းသင့်သည်။

- ပုံမှန်ဝဖြိုးနေခြင်းကို ကျန်းမာသောဝခြင်းဟု မှတ်ယူပါ။
- ဝသောသူတွင် စိတ်ချမ်းသာမှုရှိသည်ဟု ရှုမြင်ပါ။
- ဝဖြိုးသောခန္ဓာကိုယ်နှင့် အောင်မြင်နေသူများကို အတုယူပါ။
- အလွန်အကျွံအစားရှောင်ပြီး ပိန်အောင်ကြိုးစားခြင်းကိုရှောင်ပါ။
- ပိန်ဆေးများကို လုံးဝ ရှောင်ကြဉ်ပါ။
- အချဉ်၊ အစပ် အလွန်စားခြင်းဖြင့် ပိန်အောင်မပြုလုပ်သင့်ပါ။
- အကြော်အလှော်များ နေ့စဉ်စားသုံးပြီး ပိန်အောင်မလုပ်သင့်ပါ။
- စက်ကိရိယာများနှင့် အဆီချခြင်းကို တတ်ကျွမ်းနားလည်သည့် ဆရာမပါဘဲ မပြုလုပ်သင့်ပါ။
- လေကောင်းလေသန့်ရသောနေရာတွင် လမ်းလျှောက်ရန် အချိန်ပေးပါ။

ကြည်လွင်မြင့်(မုဒြာ)

# ပြည်ကြီးမဏ္ဍိုင်မြို့၌ လူကုန်ကူးမှုဆိုင်ရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ပြည်ကြီးမဏ္ဍိုင် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၁ ရက်တွင် အခြေခံပညာအလယ်တန်းကျောင်း (ပြည်ကြီးမဏ္ဍိုင်)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြည်ကြီးမဏ္ဍိုင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကေခိုင်ဝင်းက လူကုန်ကူးမှုပြဿနာများသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာ့နိုင်ငံအသီးသီး၌ပါ ရင်ဆိုင်တွေ့ကြုံနေရဆဲဖြစ်ကြောင်း၊ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို ငွေကြေးနှင့်သွေးဆောင်ဖြားယောင်းပြီး အလုပ်ကြမ်းများခိုင်းစေခြင်း၊ ငွေကြေးလိမ်ညာမှုပြုခြင်း၊ လိင်ပိုင်းဆိုင်ရာကိစ္စရပ်များကို အလိုမတူခိုင်းစေခြင်း၊ အရွယ်မရောက်သေးသောသူများကို နိုင်ငံခြားသားများနှင့် ထိမ်းမြားလက်ထပ်စေခြင်းစသော လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များ များစွာရှိကြောင်း၊ လူကုန်ကူးမှုဆိုသည်မှာ လူ့အသိုင်းအဝိုင်းကို လုံခြုံမှုကင်းမဲ့စေကြောင်းနှင့် လူကုန်ကူးမှုကို တိုက်ဖျက်ရာတွင် လူတစ်ဦးချင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ယခုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်သင့်ကြောင်း အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ လူကုန်ကူးခံရသူများ ရရှိနိုင်သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ လူကုန်ကူးသူကခေါင်းပုံဖြတ်ခြင်းများ၊ လူကုန်ကူးမှု၏ အစိတ်အပိုင်းများ စသည့်သိသင့်သိထိုက်သည့်အကြောင်းအရာများပါဝင်သည့် နံရံကပ်စာစောင်များကို ပြသထားရာ အခမ်းအနား တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



ချမ်းမြေ့

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လက်ခံတွေ့ဆုံ



မန္တလေး အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် H.E. Mr.Jaime Nada Roig အား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းအစီအမံများ၊ UNFPAအကြား ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ မိသားစုစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ငလျင်ကာလနှင့် ငလျင်ကာလအလွန် မိတ်ဖက်အဖွဲ့အစည်း၏ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းဆောင်ရွက်

ပဲခူး အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးအထူးကုပြင်ပလူနာဌာန၌ ယနေ့နံနက်ပိုင်းတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က နှလုံးရောဂါအကြောင်းနှင့် ကာကွယ်ကုသခြင်းအကြောင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာပညာပေး ဗီဒီယိုအားပြသကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများ သီစေချင်
၃။ ၁၀:၀၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း
၄။ ၁၁:၀၀ မြန်မာ့လက်သံ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၇။ ၁၈:၄၀ Music Gallery
၈။ ၁၉:၀၀ (၃၈)ဖြာမင်္ဂလာ အရိယာသစ္စာနဒဿနံ

### MWD Variety Channel

၂၂-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၀:၅၀ Knowledge Note
၃။ ၁၁:၃၅ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၄။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၅:၅၀ ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နှယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက် ချားချားဖြစ်ရပ်များ

## ဂုဏ်ယူလျှောက်လှမ်းပြည်သူ့စစ်မှုထမ်း

❖ လူငယ်တွေ စစ်မှုထမ်း
ရွှင်လန်းလို့ ပျော်နေပြီ။
ဘာမထီ ဇာနည်ဖွဲ့
ရဲသွေးနီသည်။
ယောကျ်ားမြတ် ခန့်ထည်ထည်
ပြည့်ဂုဏ်ရည် လွန်မြင့်မား။
တိုင်းပြည်ကို ချစ်တဲ့စိတ်
ဦးထိပ်မှာထား။

❖ တပ်မတော်သည် ပြည့်အင်အား
များပြားဖို့ လိုပါသလေ။
နိုင်ငံတော် တည်ငြိမ်အေးဖို့
ပေးဆက်လို့နေ။
ဖျက်ရန်ပေါင်း ကင်းဝေးစေ
ပြည်သူတွေ လုံခြုံရေး။
ငြိမ်းချမ်းသာယာ စိတ်ရွှင်လန်းဖို့
စွမ်းဆောင်လို့ပေး။

❖ သောင်းကျန်းသူ အဖျက်သမား
စိတ်ထားက ယုတ်ညံ့ပေ။
မြို့ပြကျေးရွာ ပျက်စီးဖို့
ဖျက်ဆီးလို့နေ။
အကျိုးမရှိတဲ့ လုပ်ရပ်တွေ
ချုပ်ငြိမ်းစေ မြန်ပြည်တစ်လွှား။
တပ်မတော်သည် အောင်လံဝင့်လို့
ရဲရင့်စွန့်စား။

❖ လူငယ်တွေ စစ်မှုထမ်း
ကြိုးပမ်းလို့ ဆောင်ရွက်ကာ။
ပြည့်တာဝန် ထမ်းဆောင်မှု
ဂုဏ်ပြုဖွယ်ရာ။
မြင့်မြတ်တဲ့ တာဝန်ပါ
လေးနက်စွာ ခံယူမှု။
အမျိုးဘာသာ ရှိန်ဟုန်တိုးအောင်
ကောင်းကျိုးတွေပြု။

❖ နိုင်ငံတော်ကာကွယ်ရေး
သင်ကြားပေး စစ်ပညာ။
တို့နိုင်ငံ ပြည်သူ့စစ်မှုထမ်း
ပြုံးပန်းတွေဖြာ။
တည်တံ့ခိုင်မြဲ အဓွန့်ရှည်ကြာ
သာပါစေ ပြည့်ရှေ့ရေး။
လူငယ်တွေ စွမ်းဆောင်မှုကို
ဂုဏ်ပြုတယ်လေး။ ။

**ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)ဖွင့်ပွဲဂုဏ်ပြုကဗျာ**

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၁**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နှင့်စပ်လျဉ်း၍ စိစစ်ထောက်ခံတင်ပြလာသည့် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့်ကျူးလွန်အသုံးပြုခြင်းများကိုဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်း (SOP)အရလည်းကောင်း ကိုက်ညီမှန်ကန်မှုရှိ၊ မရှိစိစစ်ပြီး ကိုက်ညီမှန်ကန်မှုရှိပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် စိစစ်အတည်ပြုပေးခြင်းကိုဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက ဆွေးနွေးဆောင်ရွက်ရမည့်လုပ်ငန်းစာတွဲများကိုတင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအလိုက် စိစစ်သုံးသပ်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ကိုင်ခွင့်ရရှိထားပြီး စိုက်ပျိုးလုပ်ကိုင်မှုတည်မြဲနေသည့်မြေများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေအဖြစ်သတ်မှတ်ပေးရန် လျှောက်ထားလာသော လုပ်ငန်းများ၊ နိုင်ငံတော်စီမံကိန်းများ ဆောင်ရွက်ရာတွင် နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စရပ်များ၊ လယ်ယာမြေကိုခွင့်ပြုချက်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာသည့်လုပ်ငန်းများအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်းရှိအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ Grade-8 ကျောင်းသား၊ ကျောင်းသူများက "ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့" သီချင်းဖြင့် ဧည့်ခံဖျော်ဖြေသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးခင်မောင်လွင်က ဂုဏ်ပြုစကားပြောကြားသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းနှင့် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် Grade-10 ကျောင်းသား၊ ကျောင်းသူနှစ်ဦးက "ဒေဝစ္ဆရာ" သီချင်းဖြင့် နှစ်ပါးသွားအက ကပြဖျော်ဖြေသည်။ ယင်းနောက် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၅ ဘာသာဂုဏ်ထူး၊ ၄ ဘာသာဂုဏ်ထူးနှင့် ၃ ဘာသာဂုဏ်ထူးရရှိခဲ့ကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Grade-7 ကျောင်းသူများက "အောင်ပါစေ" သီချင်းဖြင့် ကပြဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ဇော်မျိုး(မြဝတီ)**

## (၂၁-၁၀-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ရှုံးထွက်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာအားကစားကွင်း၊ တောင်ဒဂုံအားကစားကွင်း၊ သီဟဒီပအားကစားကွင်းနှင့် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကွာတားဖိုင်နယ်ရှုံးထွက်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ တောင်ဒဂုံအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့်မကွေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် YTCလေ့ကျင့်ရေးကွင်း (၁)ရှိ (စက်ဘီးကွင်း)၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အောက်တိုဘာလ ၂၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၂၀ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၅ | ၂၈၅၅ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၁၀ |
| 95 Ron | ၂၇၉၀ | ၂၉၀၅ | ၂၈၇၀ | ၂၈၀၅ | ၂၉၁၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၆၅ | ၄၅၆၀ | ၃၁၅၅ | ၂၈၈၀ | ၂၉၃၅ | ၂၉၅၀ | ၂၉၁၅ | ၂၉၄၀ | ၃၁၉၅ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၇၅ | ၂၅၄၅ | ၂၄၈၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၅၃၅ | - | ၂၈၃၀ | ၂၅၅၀ | ၃၁၇၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၁၀ | ၂၈၆၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | - | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၄ | ၂၆၂၉ |
| 95 Ron | ၂၆၂၉ | ၂၇၁၅ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၆ |
| HSD (50 ppm) | ၂၈၃၂ | ၂၉၁၈ |
| HSD (10 ppm) | ၂၈၃၂ | ၂၉၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၁၁၁၃၇၃၊ ၀၉-၂၅၆၆၂၅၆၇၇

၀၆၇-၃၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှသင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

**❒ ကျောဖုံးမှအဆက်**


ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် **စာမျက်နှာ ၁၂ သို့** ❒

စာမျက်နှာ ၁၂ သို့




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။




ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်ဒီဇင်ဘာလ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်၌ လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၀၇၀၁၄၅၄၊ ၀၉-၄၃၀၆၇၁၆၈ တို့သို့ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါး၊ ပုစ္ဆကဆရာတော်လေးပါး၊ ကြီးကြပ်ရေးဆရာတော်လေးပါး၊ စာထောက်စာမဆရာတော်အပါး ၁၇၀၊ အာဂုံပြန်စာရင်းသွင်း သံဃာ ၂၆၁ ပါး၊ သဘောရေးဖြေစာရင်းသွင်း သံဃာ ၂၆၄ ပါး စုစုပေါင်း ၇၁၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

# အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်(စနေနေ့)မှ ဒီဇင်ဘာလ ၈ ရက်(တနင်္လာနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲများအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့်လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့် ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ❒ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ❒ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- ❒ စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၃°C |
| ရန်ကုန် | ၂၄°C | / | ၃၅°C |
| မန္တလေး | ၂၅°C | / | ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှသင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။

❒ စာမျက်နှာ ၁၁ မှအဆက်

လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -





"ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံသားကောင်းတစ်ယောက်အနေနဲ့ ဒီသင်တန်းကို တက်ရောက်သင့်တယ်ထင်လို့ ကျွန်တော်တက်ရောက်ဖြစ်တာပါ။ နိုင်ငံသားတစ်ယောက်အနေနဲ့လည်း ကျွန်တော်တို့နိုင်ငံတော်ရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို တစ်ဖက်တစ်လမ်းကနေပြီး ကာကွယ်စောင့်ရှောက်သင့်တယ်ဆိုတဲ့ ကျွန်တော့်ရဲ့တာဝန်သိစိတ်ကြောင့်လည်းဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်နိုင်ငံတွင်မဟုတ်ဘဲ ဖွံ့ဖြိုးတဲ့နိုင်ငံတော်တော်များများက စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြပါတယ်။ ကျွန်တော်ကတော့ ဒီဥပဒေကို ကောင်းတယ်လို့ထင်မြင်မိပါတယ်။ နိုင်ငံသားတိုင်းလည်းလိုက်နာဆောင်ရွက်သင့်ပါတယ်။ ဒီသင်တန်းကို တက်ရမယ်ဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားမိတယ်။ ယောကျ်ားတိုင်းတတ်သင့်တဲ့ ပညာရပ်ဖြစ်တာကြောင့် ဂုဏ်ယူစွာနဲ့သင်ကြားသွားချင်ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်တွေလည်း တစ်ဖက်တစ်လမ်းကနေ ကိုယ်တတ်စွမ်းသလောက်ထမ်းဆောင်သွားပါ့မယ်လို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်။ နောင်လာမယ့် ညီငယ်တွေကိုလည်း တက်ရောက်ကြဖို့ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။

"ကျွန်တော်ပြည်သူ့စစ်မှုထမ်းထဲ ဝင်ချင်တာကြာပါပြီ။ စိတ်ဆန္ဒလည်း ရှိပါတယ်။ မြန်မာနိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရမယ်ဆိုတာလည်း သိပြီးသား ဖြစ်တဲ့အတွက် ကျွန်တော် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံးကိုလည်း ပြည်သူ့စစ်မှုထမ်းဖို့ ဖိတ်ခေါ်ပါတယ်။ ဒီသင်တန်းအမှတ်စဉ်(၁၈)ကို စရောက်တဲ့အချိန်မှာ နည်းပြတွေ၊ အရာရှိတွေ၊ ဗိုလ်လေးတွေက ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ တပ်မတော်သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်သွားပါမယ်လို့လည်း ကတိသစ္စာပြုပါတယ်"ဟုပြောသည်။

(၁၀၀)

# သတိပြုကြာကွယ် အသံညစ်ညမ်းမှုအန္တရာယ်

**အုန်းလွင်လေး(သစ်တော)**

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း မျိုးဆက်များစွာ လက်ဆင့်ကမ်းလာခဲ့သော ယဉ်ကျေးမှု၊ ဘာသာအရ ကိုးကွယ်မှု၊ မိရိုးဖလာတို့နှင့်နှီးနွယ်သော ထုံးတမ်းစဉ်လာနှင့် ရိုးရာဓလေ့များကို လိုက်နာကြပေသည်။ လူနေမှုအဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ နေရာဒေသ ကွဲပြားခြားနားမှုကြောင့် လိုက်နာပြုမူဆောင်ရွက်ရာတွင် အကျဉ်းချုံးနှင့် အကြီးအကျယ်ကျင်းပသည်သာ ကွာခြားပေသည်။

မြန်မာ့နှစ် ၁၂ လ တန်ခူးမှ တပေါင်းထိလတိုင်းတွင် ပွဲများရှိနေပြီး ထုံးတမ်းစဉ်လာ၊ ရိုးရာဓလေ့နှင့် အထိမ်းအမှတ်များအရ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ ပျော်ပွဲရွှင်ပွဲများကျင်းပသည်မှာလည်း အများအပြားရှိပေသည်။

ပွဲရှိပြီဆို ပွဲစည်လိုကြသည်၊ ပွဲစည်အောင် နည်းမျိုးစုံလုပ်ကြသည်၊ ခေတ်ကာလအခြေအနေအရ ရပ်ကွက်၊ ကျေးရွာအတွင်း ပဲပြုတ်၊ အချဉ်ပေါင်း၊ ရေခဲချောင်း၊ ထီ စသည့်ဈေးရောင်းသူများမှအစ လက်ကိုင်အသံချဲ့စက်လေးများအသုံးပြုနေကြသည်။ ပွဲလမ်းသဘင်များ ပွဲစည်အောင်လုပ်ကြရာတွင် အသံချဲ့စက် သို့မဟုတ် လော်စပီကာ ( Loud Speaker) သို့မဟုတ် ဆောင်းဘောက်များသည် မပါမပြီးပင်။ နည်းပညာများတိုးတက်လာသည်နှင့်အမျှ အသံချဲ့စက်များ၏ အသံစွမ်းရည် ကျယ်လောင်သည့်စွမ်းအားများလည်း မြင့်မားလာကြသည်။

မြန်မာလူမျိုးတို့သည် အလှူမင်္ဂလာပွဲလမ်းသဘင်အခမ်းအနားများတွင် အသံချဲ့စက်များအပြိုင်အဆိုင်ဖွင့်ကြသလို တချို့ဒေသများတွင် သာမှုနာမှု အထိမ်းအမှတ် မည်သည့်ပွဲမျှမရှိပါဘဲ သီးသန့်အသံချဲ့စက်အပြိုင်ဖွင့်၍ ပြိုင်ပွဲလုပ်သည်ထိ အရေးတယူပြုကာ တမ်းတမ်းစွဲဖြစ်ကြသည်၊ အသံချဲ့စက်များက အချိန်အခါအလိုက်ဖွင့်သော သာယာနာပျော်စိတ်ကြည်နူးဖွယ် တေးသီချင်းများ၊ အသိပညာရသော စိတ်ဝင်စားဖွယ် အဆိုအဟောအပြောများသည် နားသောတဆင်သူများအတွက် ကိုယ်စိတ်အပန်းပြေစေပြီး ဗဟုသုတရ၍ အကျိုးဖြစ်ထွန်းသည်၊ အကြားအာရုံတွင် သာယာနာပျော်ကြည်နူးဖွယ်ကိုယ်နှစ်သက်သည့် အသံတို့သည် သက်ရှိသတ္တဝါတို့အတွက် ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ကိုယ်စိတ်နှလုံး ဝမ်းမြောက်ကြည်နူးရွှင်ပျပြီး စိတ်ကျေနပ်မှုခံစားရသည်။ ပန်းကလေးများပင် သူတို့နှစ်သက်သည့်တေးသံသာများဖွင့်ပေးက ပို၍ပွင့်ကြသည်ကို သိရသည်။

မည်သည့်အရာမဆို အစွန်းရောက်မှုများရှိလာသော် မကောင်းပါ၊ အသံချဲ့စက်ဖွင့်ရာတွင်လည်း အချိန်ကာလ၊ နေရာဒေသနှင့် အားထုတ်မှုအလွဲများဖြင့် လိုအပ်သည့်အသံထက်ပိုမိုကျယ်လောင်စွာဖွင့်ခြင်းသည် အသံကျယ်လောင်မှု ဆူညံမှုသက်သက်မျှသာမဟုတ်ဘဲ အသံညစ်ညမ်းမှုဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်စေသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုများတွင်ပါဝင်သော အသံညစ်ညမ်းမှုများဆိုသည်မှာ လူသားတို့ကြောင့် သို့မဟုတ် သဘာဝအလျောက် စိတ်ဆန္ဒမပါသော ဆူညံသံများဖြစ်ပေါ်ပြီး ယင်းဆူညံသံများကြောင့် ဂေဟစနစ်တစ်ခုအတွင်းရှိ စနစ်တစ်ခုခု၊ သက်ရှိတစ်မျိုးမျိုးကို ကမောက်ကမဖြစ်စေကာ ဘေးထွက်ဆိုးကျိုးဖြစ်စေခြင်းကိုခေါ်သည်။ သဘာဝအလျောက်ကျင်လည်ကျက်စားရှင်သန်မှုကိုထိခိုက်စေသည်။

အသံကျယ်လောင်မှုပမာဏကို ဒက်စီဘယ်-ဒီဘီယူနစ် (Decibel –dB )ဖြင့် သတ်မှတ်သည်။

> **ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ လူမမာများ၊ ကိုယ်ဝန်ဆောင်နှင့် ကလေးမိခင်များ၊ ကျောင်းသားများအပါအဝင် ပတ်ဝန်းကျင်ရှိ ပြည်သူများ၏အကြားအာရုံကို အချိန်ကြာခံစားရခြင်း၊ အချိန်တိုအတွင်း နားမခံရပ်နိုင်သည်အထိ ဆူညံကျယ်လောင်ခြင်းခံစားရပါက မြို့ပေါ်ရပ်ကွက်၏ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် တခြားမလိုလားသော ပြဿနာများကို ဖြစ်ပေါ်စေ . . .**

အကြားအာရုံအစပြုရာ သုည ဒီဘီ၊ အသက်ရှူသံကြားသည့် တိတ်ဆိတ်မှု ၁၀ ဒီဘီ၊ သစ်ရွက်လေးများလှုပ်ခတ်ပွတ်တိုက်သံ၊ တီးတိုးစကားဆိုသံ ၂၀ ဒီဘီ၊ ဆိတ်ငြိမ်ရပ်ကွက်အတွင်း ပုံမှန်ထွက်ပေါ်သံ ၃၀ ဒီဘီ၊ စာကြည့်တိုက်ကြီးအတွင်း ပုံမှန်စာဖတ်ခန်းမှအသံ ၄၀ ဒီဘီ၊ အိမ်တွင် ဝိုင်းဖွဲ့စကားပြောသံ ၅၀ ဒီဘီ၊ စားသောက်ဆိုင် ရုံးခန်းတွင် ပုံမှန်လှုပ်ရှားသံ ၆၀ ဒီဘီ၊ လမ်းမပေါ် တဝေါဝေါ သွားနေကြသည့်ကားသံ၊ ဖုန်စုပ်စက်မောင်းသံ ၇၀ ဒီဘီ၊ စက်ရုံဝပ်ရှော့လုပ်ငန်းမှ ထွက်ပေါ်သံ ၈၀ ဒီဘီ၊ ဒီဇယ်ထရပ်ကားကြီးများ၊ ကြိတ်ခွဲစက်ကြီးများမှ ထွက်ပေါ်သောအသံ ၉၀ ဒီဘီ၊ ဂျက်လေယာဉ်ကြီး ပျံတက်သံကို မီတာ ၃၀၀ အကွာကကြားသည့်အသံ ၁၀၀ ဒီဘီ၊ သစ်ခွဲစက်လွှစက်ကြီးများ၊ သံနန်းဆွဲစက်ကြီးများအသံ ၁၁၀ ဒီဘီသည် လူ၏နားကိုစူးရှနာကျင်စေသည်၊ ကျယ်လောင်သည့် မိုးထစ်ချုန်းသံ၊ ရော့ဂီတဖျော်ဖြေပွဲမှ ဆိုတီးသံများသည် ၁၂၀ ဒီဘီ၊ မီတာ ၁၀၀ အကွာမှ ကြားသည့် ဂျက်လေယာဉ်ပျံတက်သံ ၁၃၀ ဒီဘီ၊ လေယာဉ်တင်စစ်သင်္ဘောကြီး၏ လေယာဉ်ပြေးလမ်းကုန်းပတ်မှ အသံ ၁၄၀ ဒီဘီ၊ ၂၅ မီတာအကွာမှ ဂျက်လေယာဉ်ပျံတက်သံ ၁၅၀ ဒီဘီ၊ အနီးကပ်ထွက်ပေါ်သည့် နှစ်လုံးပြူးသေနတ်သံ ၁၆၀ ဒီဘီ ဖြစ်ကြောင်းသိရှိရသည်။

သုည မှ ၇၅ ဒီဘီ အတွင်း အသံများအား နေ့စဉ်လူ့ဘဝပတ်ဝန်းကျင်တွင် ကြားရလေ့ရှိပြီး လူတို့၏ နားမှလက်ခံနိုင်သော အသံများဖြစ်သည်။ ၇၅ ဒီဘီ အထက်အသံများသည် လူတို့၏နားတွင် အမြဲတစေကြားနေရပါက နားကိုထိခိုက်နိုင်သော အန္တရာယ်ဖြစ်သည်။ ၁၂၀ – ၁၆၀ ဒီဘီ ကျယ်လောင်မှုများသည် Ear Plug သို့မဟုတ် နားကိုလုံခြုံသည့်အကာအကွယ်မရှိက သက်ရှိတို့နားအား ထိခိုက်ဒဏ်ရာဖြစ်စေနိုင်သည်။ ၁၇၀ – ၁၈၀ ဒီဘီ အကြားအသံများသည် လူ၏နားတွင်မခံမရပ်နိုင်ဘဲ နားစည်ထိခိုက်ပျက်စီးစေကြောင်းလည်းသိရှိရသည်။

မြို့ရွာရပ်ကွက်များအတွင်း စည်းကမ်းမဲ့မဆင်မခြင်ဖွင့်သည့် ဆူညံကျယ်လောင်သော အသံချဲ့စက်မှ အသံသည် ဒက်စီဘယ် ၁၀၀ နှင့်အထက်တွင်ရှိသည်။ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ လူမမာများ၊ ကိုယ်ဝန်ဆောင်နှင့် ကလေးမိခင်များ၊ ကျောင်းသားများအပါအဝင် ပတ်ဝန်းကျင်ရှိပြည်သူများ၏ အကြားအာရုံကို အချိန်ကြာခံစားရခြင်း၊ အချိန်တိုအတွင်း နားမခံရပ်နိုင်သည်အထိ ဆူညံကျယ်လောင်ခြင်းခံစားရပါက မြို့ပေါ်ရပ်ကွက်၏ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်တခြားမလိုလားသောပြဿနာများကို ဖြစ်ပေါ်စေသည်။

တစ်ခါက ရပ်ကွက်တစ်ခုအတွင်း ဘာသာရေးပွဲတစ်ခုလှည့်လည်သည်။ ထုံးစံအတိုင်း အိုးစည်၊ ဒိုးပတ်အကအခုန်များလည်းပါသည်။ အိုးစည်၊ ဒိုးပတ်အဖွဲ့များက သာမန်တီးမှုတ်ကခုန်လှည့်လည်၍ ရပ်ကွက်အတွင်းမှ အားပေးသူများပင်ရှိ၏။ နောက်ဆုံးမှလိုက်ပါလာသည် အသံချဲ့စက်ကား(ဆောင်းဘောက်ကြီးများ ကားပေါ်အပြည့်)နှင့် မီးစက်တင်လာသည့်ကားနှစ်စီး၊ အိုးစည်၊ ဒိုးပတ်အဖွဲ့များ လွန်သွားပြီးနောက် အားပေးသူလူစုအနီး အသံချဲ့စက်ကားရောက်လာ၏။ ဘာမှန်းမသိရသောသီချင်းကို အသံကျယ်လောင်စွာဖွင့်ပြီး ကားနှင့်အတူပါလာသည့်လူငယ်တစ်စုက ကားရှေ့တွင် သရုပ်ပျက်ကခုန်ကြ၏၊ ကြည့်နေသည့်လူစုကလည်းများလာ၍ အချိန်အတန်ကြာကခုန်နေ၏၊ ထိုအချိန် အသက်၄၀ ဝန်းကျင်လူတစ်ဦးက အသံချဲ့စက်ကားအနီးသွားကာ တစ်ခုခုပြောသောကြောင့် အသံချဲ့စက်သံ ရပ်သွားသော် ကခုန်နေသူများက –

"ဘာဖြစ်လို့စက်ပိတ်တာလဲ၊ပြန်ဖွင့်" လို့ပြောလည်းပြော အသံသေးအသံကြောင် အော်ဟစ်ကြသဖြင့် အသံချဲ့စက်ဆရာက–

"ဒီနေရာမှာ အချိန်လည်းကြာပြီ၊ ပွဲလှည့်တဲ့ ရှေ့က လူတန်းနဲ့လည်း အဆက်ပြတ်ရော့မယ်၊ နောက် ဒီအိမ်မှာ လူမမာရှိနေပြီး ဟိုတစ်အိမ်ကျော်မှာ မီးဖွားပြီးစ ကလေးအမေရှိနေလို့ ဒီအစ်ကိုက မေတ္တာရပ်ခံတာကြောင့် ပိတ်တာပါ" လို့ အနီးက လူကိုညွှန်ပြပြီး ပြောလေသော် ကခုန်နေသူများက–

"မရဘူး စက်ပြန်ဖွင့်" ဆိုပြီး ဝူး ဝါး ဟစ်ပြီး အသံသေးအသံကြောင် အော်ကြရာ မေတ္တာရပ်ခံသူက–

"ဟုတ်ပါတယ် ညီလေးတို့ရာ အစ်ကိုက မေတ္တာရပ်ခံတောင်းပန်တာပါ" ပြောလည်း ကခုန်သူလူငယ်များက –

"ဘောက်တွေ စက်တွေက အလကားရတာမဟုတ်ဘူး"

"ဒါ --- ပွဲလေကွာ၊ နားမလည်ဘူးလား"

"ပျော်ရတုန်းလေး ကခုန်ပျော်ရတာ"

"မကြားချင်ရင် နားပိတ်ထား"

စသည်ဖြင့်တစ်ယောက်တစ်ပေါက်ဖြင့် "နင်ပဲငဆ" ပြောပြီး ကခုန်ရာတွင်ပါသူ လူငယ်တစ်ယောက်က မေတ္တာရပ်ခံလာသူအား လက်ညှိုးထိုး၍ အာလေးလျှာလေးသံဖြင့် –

"ခင်ဗျားကြီးက ဗုဒ္ဓဘာသာ မဟုတ်ဘူးလား" လို့ ပြောရာက အချင်းများကြပြီး ရုန်းရင်းဆန်ခတ်ဖြစ်သောကြောင့် ရပ်ကွက်နှင့် ပွဲလှည့်လည်ရာ လိုက်ပါလာသည့်တာဝန်ရှိသူများက အကျယ်အကျယ်မဖြစ်ရန် အချိန်မီထိန်းလိုက်ကြရ၏၊ ဘာသာရေးဆိုင်ရာပွဲဖြစ်သော်လည်း အသံချဲ့စက်ကြောင့် ပွဲသည်အကျည်းတန်ဖြစ်ရသည်။

မြတ်စွာဘုရားရှင်သည် တိတ်ဆိတ်ငြိမ်သက်မှုကို မြတ်နိုးသူ၊ ထိန်းသိမ်းသူဖြစ်သည်။ ကောင်းမွန်မြင့်မြတ်သော တိတ်ဆိတ်မှု( Noble Silence )ကို တန်ဖိုးထားသည်။ စိတ်ပိုင်းဆိုင်ရာ အဓိကထားအလုပ်လုပ်သူများအတွက် တိတ်ဆိတ်မှုသည် အလွန်အရေးကြီးသည်။ တိတ်ဆိတ်မှုသည် အာရုံစူးစိုက်နိုင်စွမ်းကို အားကောင်းစေသည်။ လူကို တည်ငြိမ်အေးချမ်းစေသည်။ စိတ်ဖိစီးမှုကိုလျော့ကျစေပြီး သွေးဖိအားကို လျှော့ချပေးသည်။ လူ၏ ဖန်တီးနိုင်စွမ်းကိုလည်း မြင့်တက်စေသည်။

မြတ်စွာဘုရားရှင်ကို ရည်မှန်းရည်စူးပြုမူသည့် သာသနာရေး၊ ဘာသာရေးပွဲများတွင် လိုအပ်သည်ထက်ပို၍ ကျယ်လောင်လွန်း၊ ဆူညံလွန်းသည့် အသံများကို စည်းကမ်းမဲ့ မဆင်မခြင်ဖွင့်သော အသံချဲ့စက်များကြောင့် ကျင်းပသည့်ပွဲ၏ အနှစ်သာရကို ထိခိုက်စေရသည်။

နယ်ချဲ့ကိုလိုနီလက်အောက်ကျရောက်စဉ်ကပင် မြန်မာနိုင်ငံတွင် အသံချဲ့စက်များကိုအသုံးပြုကြရာ အင်္ဂလိပ်တို့က အသံချဲ့စက်ဥပဒေပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။ မျက်မှောက်လက်ရှိကာလတွင်လည်း အသံချဲ့စက်နှင့်ပတ်သက်၍ တည်ဆဲရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃။ ပုဒ်မခွဲ(ဈ) တွင် "အသံချဲ့စက်ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းချက်သတ်မှတ်၍ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သူအားအရေးယူခြင်း၊ အရေးယူရန်အကြောင်းကြားခြင်း"ဟု ပြဋ္ဌာန်းထားခြင်း၊ ဥပဒေပုဒ်မ ၁၈ တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်"ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၇ တွင်– "မည်သူမဆို ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ ပါတာဝန်ကိုဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက် မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်"ဟု ပြဋ္ဌာန်းဖော်ပြထားသည်။

တိုင်းပြည်မြို့ရွာ အေးချမ်းသာယာစည်ပင်ဖွံ့ဖြိုးသော် ပြည်သူများကိုယ်စိတ်ချမ်းသာ၍ ပျော်ပွဲရွှင်ပွဲ သဘင်ပွဲလမ်းများ မကြာခဏပြုလုပ်ကြကြောင်း ရှေးလူကြီးများပြောကြ၏၊ ပွဲတိုင်းတွင် အသံချဲ့စက်ကြောင့် အပျော်ပွဲသည် အပျက်ပွဲမဖြစ်ရန် လိုသည်။

အသံချဲ့စက်ဖွင့်ခြင်းသည် ပတ်ဝန်းကျင်ကို အသံဖြင့် တိုက်ရိုက်သက်ရောက်မှုဖြစ်၍ အသံညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်ကိုထိခိုက်မှုဖြစ်ပေါ်စေသည်။ ပတ်ဝန်းကျင်ကောင်းဖြစ်စေရန် ဥပဒေဖြင့်ထိန်းချုပ်ထားသကဲ့သို့ လူတစ်ဦးတစ်ယောက်စီတိုင်းကလည်း ကိုယ်စီအသိစိတ်ဖြင့် ထိန်းသိမ်းရန် လိုသည်။

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် အသံချဲ့စက်ဖွင့်ခြင်းကို လိုအပ်သည့်အချိန်အခါ၊ အသံပမာဏနှင့်အတိုင်းအတာထားဖွင့်၍ ကြားကြားသမျှ ခုနစ်ရက်သားသမီးများ နားကလောစရာဖြစ်အောင်စည်းကမ်းမဲ့မဆင်မခြင်ဖွင့်ပြီး အသံညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းပြီးလိုက်နာနိုင်ကြပါရန် တင်ပြအပ်ပါသည်။ ။

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄၅ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင်အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄၆ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါ်ဥမ္မာအေးအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

### ❍ သီပေါမြို့မှ

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍအဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။




လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက သီပေါမြို့၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၁၂ ဦးရှိကြောင်းသိရှိရသည်။ အဆိုပါကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့်ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးကြသည်။

၎င်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့၊ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင်သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ကျေးရွာသစ်လွှပ်ရှားမှုစီမံကိန်းကို ပြည်တွင်းရှိ ကျေးရွာပေါင်း ၂၅၀ ၌ ဆောင်ရွက်နေ

နေပြည်တော် အောက်တိုဘာ ၂၁

ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းတွင် ပါဝင်သည့်ကျေးရွာများမှဝင်ငွေတိုးပွားရေးကဏ္ဍပြပွဲကို ယနေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရေဆင်း)၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် စီမံကိန်းကျေးရွာများဖြစ်သည့် နေပြည်တော် ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာမှ ထုတ်လုပ်သော စပါးမျိုးစေ့အမျိုးမျိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝဲကြီးကျေးရွာမှ Recycle အမှိုက်အိတ်နှင့် ဟာလဝါ၊ အုန်ရွှကုန်းကျေးရွာမှ ဆပ်ပြာဆီ၊ ပဲခူးမြို့နယ် တောင်သူစုကျေးရွာနှင့် မယင်းရွာမကျေးရွာတို့မှ ဆပ်ပြာဆီအမျိုးမျိုး၊ ပျော်ဘွယ်မြို့နယ် မယ်ဇလီအိုင့်ကျေးရွာမှ ဖိနပ်နှင့်လက်ဆွဲခြင်းအမျိုးမျိုး၊ ကလောမြို့နယ် လက်ပံပင်ကျေးရွာမှ ထောပတ်သီး၊ နောင်လယ်ကျေးရွာမှ သနပ်ဖက်၊ သာမိုင်းခမ်းကျေးရွာမှ စတော်ဘယ်ရီပိုင်နှင့် ချင်းလက်ဖက်ရည်ထွက်ကုန်၊ တောင်ကြီးမြို့နယ် ဘန်းကန်နှင့်လူရိုးတောင်ကျေးရွာတို့မှ မြန်မာမျိုးရင်း ကြက်သွန်ဖြူ၊ ညောင်စဉ်ကျေးရွာနှင့် ကျောက်စုကျေးရွာတို့မှ ထောပတ်သီးထွက်ကုန်များကို ပြသကြသည်။

လက်ရှိတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပါဝင်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ပြည်တွင်းရှိ ကျေးရွာပေါင်း ၂၅၀ ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ပြပွဲနှင့်အတူ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးရေးကဏ္ဍ၊ ဝင်ငွေတိုးပွားရေးကဏ္ဍတို့တွင် အကောင်းဆုံး ဆောင်ရွက်နိုင်သည့်ကျေးရွာများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနသည် ပြပွဲနှင့်အတူ ကျေးရွာသစ်လှုပ်ရှားမှုမွမ်းမံသင်တန်း (၁/၂၀၂၅) ကို စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရေဆင်း)၌ ယနေ့ဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းတာဝန်ခံများ၊ စီမံကိန်းဝင်ကျေးရွာ ၄၄ ရွာမှ ကျေးရွာခေါင်းဆောင်များ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

### ➢ ကျောဖုံးမှအဆက်

အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၂၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်းကမ်းလွန်နှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေ)တို့၌ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာလ ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကာတာသံရုံးယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ်အေ အယ်လ် ကူဝါရီအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ထမ်းဆောင်မှုကာလပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ကာတာသံရုံးယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ်အေ အယ်လ် ကူဝါရီအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"မူးယစ်ဆေးဝါးနဲ့ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့"**ခေါင်းစဉ်ဖြင့် ၂၂-၁၀-၂၀၂၅ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၉-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက်တာမျိုးမလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့် အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်၊ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် **၁၀** နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးနှင့် အမိုးသွပ်ပြားများအား အထူးကုန်ရထားဖြင့်ပို့ဆောင်






နေပြည်တော် အောက်တိုဘာ ၂၁


အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများကို ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် HRB 500 အမျိုးအစား သံချောင်းလုံးတန်ချိန် ၅၅၃ ဒသမ ၀၀၆ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြား ချပ်ရေ ၇၀၀၀ ( တန်ချိန် ၃၂ ဒသမ ၅၆ တန်) နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော 4 Angle 0.33 mm အမိုးသွပ်ပြားချပ်ရေ ၇၀၀၀ (တန်ချိန် ၃၂ ဒသမ ၅၆ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး ရွှေကြက်ယက်ဘူတာသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေး လက်ခံပြီး တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# အပူပိုင်းမုန်တိုင်း "ဖန်ရှန်" အားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှန်"အဖြစ်သို့ရောက်ရှိနိုင်



Japan Meteorological Agency (JMA) မှ အပူပိုင်းမုန်တိုင်း "ဖန်ရှန်" (FENGSHEN) လမ်းကြောင်းပြပုံ

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်"(FENGSHEN)သည် အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့သည်။ အဆိုပါအပူပိုင်းမုန်တိုင်း "ဖန်ရှန်" သည် အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ နောက် ၆ နာရီအတွင်း အားကောင်းသောအပူပိုင်းမုန်တိုင်း"ဖန်ရှန်"အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**(မိုး/ဇလ)**

# မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ **နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန်ဦးတည် ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ . . .**

❖ **ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ဘဝနှင့် လောကကိုအလှဆင်ပေးသူ၊ သောကကိုဖြေဖျောက်ပေးသူများဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြ၊ မိမိတို့တပည့်များကို လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတအများအကျိုးဆောင်လိုစိတ်များဖြစ်ပေါ်လာအောင် သင်ကြားဆုံးမပေးကြရမည်၊ "ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဆိုသည့် မြန်မာစိတ်ထားကို နှလုံးသားထဲစိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရမည်ဖြစ် . . .**

❖ **လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်ကိုကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ရန် လိုသည်ကိုတွေ့နိုင်၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေ၊ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားနှင့်သာ တည်ဆောက်ကြရမည်ဖြစ် . . .**

★ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကိုပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ယူနိုင်အောင်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုအခါ သင်တန်းဆင်း ဆရာ၊ ဆရာမ စုစုပေါင်း ၁၄၅၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့အားလုံးသည်လည်း မကြာခင်ကာလအတွင်း သင်တန်းဆင်းပြီး ပညာရေးဝန်ထမ်း၊ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့် လိုက်နာရမည့်အချက်များကို မှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန်ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပါက အားနည်းချက်ရှိခဲ့ခြင်းကြောင့် ဒေသအချို့တွင် ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျနေခြင်းကိုလည်း တွေ့မြင်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **"နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုသည့်ဦးတည်ချက်ချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း။

ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့တပည့်များကို စာကိုလည်းသင်ပြီး စိတ်ကိုလည်းပြင်ပေးကြရမည်၊ မိမိတို့တပည့်များကို လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတ အများအကျိုးဆောင်လိုစိတ်များဖြစ်ပေါ်လာအောင် သင်ကြားဆုံးမပေးကြရမည်၊ **"ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"** ဆိုသည့် မြန်မာစိတ်ထားကို နှလုံးသားထဲ စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း။

အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာနားလည်နိုင်ကြရန်ကိုလည်း သွန်သင်ဆုံးမပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်သည်ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင်ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်သည့် ရိုသေထိုက်သော ဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များ လွဲမှားနေပါက အမုန်းခံ၍တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းစသည့်ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်ကြောင်း၊ ထို့အပြင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာဆိုသည့် နာလေးနာဖြင့် တပည့်များကို ပညာပြည့်ဝနှလုံးလှအောင် လေ့ကျင့်သင်ကြားပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့ တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသောပညာတတ်လူငယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလိုကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သည့်ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာများကို အမြဲတစေဖြည့်ဆည်းထိန်းသိမ်းကြရန်မှာကြားလိုကြောင်း။

ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူဆည်းပူးနိုင်ရေးအတွက် မောင်တို့မယ်တို့က သက်ဆိုင်ရာ မိဘများ၊ ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အချိန်မတိုင်မီကျောင်းထွက်မှုလျော့ပါးပြီး တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားစေရေး၊ တန်းစဉ်အလိုက် စာပေအတတ်ပညာများ တတ်မြောက်

အောင် သင်ကြားပေးရေး၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်ပြီး ဉာဏ်ပညာနှင့်တည် ဆောက်တတ်သည့် လူငယ်များဖြစ်လာစေရေးတို့ကိုပြုစုပျိုးထောင်ပေးကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း။

စာသင်ကျောင်းဆိုသည်မှာ စာပေ သင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးလည်း ဖြစ်ရန်လိုကြောင်း၊ **“အမျိုးသားစည်းကမ်း အစစာသင်ကျောင်းက”**ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာခြင်းမှ အစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့ နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်မောင်းနှင်အားတစ်ရပ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင်လည်း တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်မှ ကရင်တိုင်းရင်းသား စကျော်ဇေယျာဖြိုးက ကျေးဇူးတင်စကားပြန်လည် ပြောကြားစဉ်။

ထို့အပြင် လက်ရှိကာလ မိမိတို့နိုင်ငံ အပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ရန် လိုသည်ကိုတွေ့နိုင်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေကြောင်း၊ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့် စကားနှင့်အညီ တိုင်းပြည်ကိုပြည်တွင်းအင်အားနှင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့ တိုင်းရင်းသားများသည် မြန်မာစိတ်မွေးပြီး **“ငါတို့အားလုံးသည် မြန်မာ (We are Myanmar)”** ဆိုသည့်စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သည့် အမျိုးသားစိတ်ဓာတ်များဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုသကဲ့သို့ ဒေသအသီးသီးက တပည့်ကျောင်းသားလူငယ်များကိုလည်း အကောင်းမြင်စိတ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှုစိတ်၊ ရိုင်းပင်းကူညီစိတ် စသည့်စိတ်ဓာတ်များ ရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးသည် ပြည်ထောင်စုသားအားလုံး၏မွေးရာပါတာဝန်ဖြစ်ခြင်းကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက် အသက်တမျှအရေးကြီးသည့် **ပြည်ထောင်စုစိတ်ဓာတ်**ကို မောင်တို့မယ်တို့အနေဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အတူတကွ ပညာသင်ကြားရင်းဖြင့် ရင်ထဲတွင် စွဲမြဲခံယူကြပြီး ဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေး တက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ မိမိတို့တာဝန်ကျရာ ဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား **ပြည်ထောင်စုစိတ်ဓာတ်**ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်းစည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မောင်တို့ မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် **“ဒို့တာဝန်အရေး (၃)ပါး”** ကို အခြေခံပြီး အမျိုးသား နိုင်ငံရေးတာဝန်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကျောင်းသား၊ ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

**❖ မောင်တို့မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများပီသစွာ မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်းစည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားလို . . .**

**❖ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကိုတည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ရန်အရေးကြီး၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့်လိုလားချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေ . . .**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့်လိုလားချက်ဖြစ်သောလွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် ကိုလည်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးအား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Andrew Labrador Agrafvante နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ကျောက်မျက်ရတနာဟု ယူဆရသော ကျောက်ခဲ့သားများ၊ ဆွဲကြိုးများနှင့်လက်ကောက်များ

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၈ ရက်**တွင် မြဝတီမြို့နယ်၊ အမှတ် (၁) ချစ်ကြည်ရေးတံတား၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်မျက်ရတနာဟု ယူဆရသော ကျောက်ခဲ့သား၊ ဆွဲကြိုးများနှင့် လက်ကောက်များအပါအဝင် ကျောက်မျက်ရတနာပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Toyota Lexus မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၈ ရက်**တွင် စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၇ ရက်**တွင်ဖြူးမြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့် ပြည်မြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၄၇၉)တန်နှင့် မီးသွေး (၄၅)ပေါင်ဝင် (၁၅)အိတ် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၅၈၄၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်နှင့် ၁၈ ရက်**တို့တွင် တောင်ကြီးမြို့နယ်၊ ရပ်စောက်-ရွှေညောင်လမ်းအနီး၌ မော်တော်ယာဉ်(၇)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၂၀)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၇၆၃၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Jinbei Mini Bus (၂)စီး၊ Foton Mini Bus (၁)စီး၊ Zeya Light Truck (၁)စီး၊ လိုင်စင်မဲ့ Toyota Alphard (၂)စီး၊ Toyota Noah (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၇၆၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၁၅ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၅၈၈၈၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Frank William Abianail" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ရပ်ကွက်နေ မင်းပိုင်စိုးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


# တိုးချဲ့စိုက်ပျိုးသင့်သော ဈေးကွက်ဝင်ဒန့်သလွန်ပင် အပိုင်း(၄)

**မူမူ(မလှိုင်)**

အိန္ဒိယသည်ကမ္ဘာ့ဒန့်သလွန်ဈေးကွက်ကို ၄၃ ဒသမ ၅၉ ရာခိုင်နှုန်းထိ ကျယ်ပြန့်စွာ အများဆုံးလွှမ်းမိုးထားနိုင်ပြီး အမေရိကန်၊ ဩစတြေးလျနှင့် ဗြိတိန်နိုင်ငံတို့က ထိပ်ဆုံးမှဝယ်ယူမှုရှိကြသည်။ ဓာတုကင်းစင် ဒန့်သလွန်အမှုန့် (Organic Moringa Powder)သည် ကမ္ဘာ့ဈေးကွက်မှာ ဈေးနှုန်းမြင့်မားစွာရှိကြောင်း သိရှိရသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လက အိန္ဒိယ၏ ကိုဗုကုမ္ပဏီမှ ဒန့်သလွန်မှုန့်နှင့် ပိုက်ဆန်လျှော်အစေ့ကိုအသုံးပြုကာ ကွတ်ကီးမုန့်ပြုလုပ်ရောင်းချခဲ့ရာတွင် နူးညံ့ပြီး ဂလူတင်ဓာတ်မပါဝင်ခြင်း၊ သကြားမပါဝင်ခြင်းတို့ဖြင့် အရသာရှိပြီး နှစ်သက်ဖွယ်ကောင်းကြောင်း၊ ဂလူတင်ဓာတ်ရှောင်ရသူနှင့် သက်သတ်လွတ်စားသုံးသူ၊ မည်သည့်တိရစ္ဆာန်အသားမှ မစားသုံးသူများပင်နှစ်ခြိုက်မှုရှိကြောင်း သိရှိရသည်။ ဒန့်သလွန်အရွက်ကို လက်ဖက်ရည်ကဲ့သို့ သောက်သုံးရာတွင်လည်းကောင်း၊ အဆီကို အလှအပပစ္စည်းထုတ်လုပ်ရာတွင်လည်းကောင်း၊ အစေ့နှင့်အရွက်ခြောက်မှုန့်တို့ကို အမျိုးမျိုးအသုံးချ၍ရသဖြင့် ဝယ်လိုအားမြင့်နေသော ဈေးကွက်ဝင်ပစ္စည်းတစ်ခုအဖြစ်လည်းကောင်းတွေ့မြင်နိုင်သည်။ အမေရိကန်၊ ပြင်သစ်၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဗြိတိန်နိုင်ငံတို့တွင် ဖြည့်စွက်စာ၊ ဖျော်ရည်၊ အစားအစာပြုလုပ်၍လည်းကောင်း၊ ဆေးဖက်ဝင်အသုံးပြုမှုများအရလည်းကောင်း လိုအပ်ချက်ရှိနေသော ကုန်ပစ္စည်းအဖြစ်တွေ့ရသည်။

အိန္ဒိယ၊ တောင်အာဖရိက၊ ဂါနာ၊ မာလာဝီတို့တွင် ဒန့်သလွန်အခြေခံထုတ်ကုန်များကို ကုမ္ပဏီဖွင့်လှစ်လုပ်ကိုင်သော လုပ်ငန်းများစွာရှိကြောင်း တွေ့ရှိရသည်။ ဒန့်သလွန်နှင့်ပတ်သက်၍ ဈေးကွက်တွင် ထင်ရှားသောကုမ္ပဏီအများအပြားရှိသည်။


ကျူးဘား(Cuba)နိုင်ငံသည် ကာရေဘီယံပင်လယ်အနီးတွင်တည်ရှိပြီး မြေမျက်နှာပြင်ညီညာပြန့်ပြူးသည်။ အပူပိုင်းမိုးရရှိရာသီဥတုမျိုးဖြစ်၍ ဒန့်သလွန်ပင်ကြိုက်နှစ်သက်သည့် ရာသီဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ဒန့်သလွန်ပင် ဧရိယာဟက်တာ ၄၀၀၀၀ ထိစိုက်ပျိုးခဲ့ပြီး အရွက်စားသီးနှံအဖြစ်လည်းကောင်း၊ တိရစ္ဆာန်အစာ စားကျက်သီးနှံအဖြစ်လည်းကောင်း ရည်ရွယ်စိုက်ပျိုးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုက ဖြည့်စွက်အစာတွင် ဒန့်သလွန်ပင်ကို အသုံးပြုရေး ခိုင်မာစွာတွန်းအားပေးဆောင်ရွက်ခဲ့သည်။ ယခုအချိန်တွင်ကျူးဘားနိုင်ငံသည် ဒန့်သလွန်မျိုးစေ့ထုတ်လုပ်ရေးနှင့် တိရစ္ဆာန်အစာတောင့်ထုတ်လုပ်ရေးဟုခွဲခြားကာ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဒန့်သလွန်ရွက်ခြောက် အမှုန့်ထုတ်လုပ်မှုကိုလည်း လုပ်ကိုင်လျက်ရှိသည်။ တစ်ဆက်တည်းမှာ ဒန့်သလွန်ပင်နှင့် ပတ်သက်သော အသိပညာရပ်များစူးစမ်းရှာဖွေရေး၊ ဆက်စပ်ရာဌာနနှင့်အဖွဲ့အစည်းများကို ရှာဖွေခြင်း၊ ဒန့်သလွန်မျိုးကွဲများစုဆောင်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။




မြေဧရိယာ စတုရန်းမီတာ ၁၀၀၀၀ အတွင်း တန်းကြားပင်ကြား (၃ x ၂)၊ (၃ x ၃)၊ (၄x ၄) မီတာ အကွာအဝေးဖြင့် ဒန့်သလွန်ပင်များစိုက်ပျိုး၍ ဒန့်သလွန်ရွက်ခြောက် စီးပွားဖြစ်လုပ်ငန်းကို ဆောင်ရွက်ကြောင်း၊ ဆောင်ရွက်ကြပုံများနှင့် ထုတ်လုပ်ထားသောပစ္စည်းများကို ပုံများတွင် တွေ့ရှိနိုင်သည်။ စားကျက်သီးနှံအဖြစ်အသုံးပြုကာ အသား၊ နို့၊ ဥ နှင့်ငါးမွေးမြူရေးတွင်ပါ တိရစ္ဆာန်အစာအဖြစ်အသုံးပြုကြကြောင်း သိရှိရသည်။ တစ်ဟက်တာလျှင် တစ်နှစ်အရွက်စိမ်း တန်ချိန် ၃၀၀ အထိ ရရှိနိုင်ကြောင်းသိရသည်။

ကျူးဘားနိုင်ငံသည် ဒန့်သလွန်ပင်နှင့်ဆက်နွှယ်၍ လုပ်ငန်းအောင်မြင်မှုရရှိနေခြင်းကြောင့် ၂၀၁၁ ခုနှစ် ဇွန်လ နှင့် ၂၀၁၄ ခုနှစ် ဇူလိုင်လတို့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကျူးဘားသို့လာရောက်သည့်ခရီးစဉ်များ၌ နှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် ကျူးဘားနိုင်ငံမှ ဒန့်သလွန်မျိုးစေ့များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း၊ ဒန့်သလွန်နှင့်ဆက်နွှယ်သော စီးပွားရေး၊ မွေးမြူရေးအောင်မြင်နေမှုများကိုပြသခဲ့ရာမှကျူးဘားနှင့်တရုတ်နိုင်ငံအကြား ပူးတွဲ၍ ဒန့်သလွန်ပင်စိုက်ပျိုးရေး သုတေသနအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၁ ခုနှစ်က ကျူးဘားနိုင်ငံမှတရုတ်နိုင်ငံသို့ ဒန့်သလွန်စေ့ ၂ ကီလိုဂရမ် လှူဒါန်းပေးအပ်ခဲ့ရာ တရုတ်နိုင်ငံ၏ တရုတ်-ကျူးဘား သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစမ်းသပ်ကွင်း သုည ဒသမ ၆၇ ဟက်တာတွင်စိုက်ပျိုးခဲ့သည်။ ၂၀၁၄ ခုနှစ် မေလတွင် တရုတ်နိုင်ငံမှ ကျူးဘားသို့ ဒန့်သလွန်စေ့ ၂ ကီလိုဂရမ်ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် တရုတ်သမ္မတခရီးစဉ်၌ ဒန့်သလွန်စေ့ ၂ ကီလိုဂရမ်ကိုလည်းကောင်း လှူဒါန်းခဲ့သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒန့်သလွန်မျိုးစေ့မျိုးကွဲ လဲလှယ်စုဆောင်းမှု၊ သင်တန်းပေးမှု၊ အပြန်အလှန် ဒန့်သလွန်ပင်စိုက်ပျိုးရေးအတွက်လေ့လာရေးခရီးစဉ်များရှိခဲ့ကြောင်းသိရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကျူးဘား၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်၍ ဒန့်သလွန်ထုတ်ကုန်ပစ္စည်း နည်းပညာဆိုင်ရာဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ ဒန့်သလွန်သီးနှံ အဆင့်မြင့်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်ထားမှု (Moringa Tea, Moringa Tablet, Moringa Noodles, Moringa Enzymes, Moringa Leaf Alcohol, Moringa cake)ကိုပါ ပြသခဲ့ကြောင်း သိရှိရသည်။ ကျူးဘား-




တရုတ်ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနဖွင့်လှစ်၍ ဒန့်သလွန်ထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

တရုတ်နိုင်ငံတွင် ဒန့်သလွန်ပင်နှင့်ပတ်သက်၍ မျိုးမွေးမြူရန်အတွက် မျိုးကွဲများရှာဖွေစုဆောင်းခြင်းကိုပြုလုပ်ခဲ့ပြီး မျိုးပေါင်း ၂၁၁ မျိုးထိစုဆောင်းခဲ့ကြောင်း သိရသည်။

ဒန့်သလွန်ပင်ပန်းပွင့်မှုကိုလေ့လာပြီး မျိုးထုတ်လုပ်ရန်၊ ပန်းပွင့်တွင် ဝတ်မှုန်ခံတိုင်၏ အတိုအရှည်တည်နေပုံအရ သန္ဓေအောင်နိုင်မှုများ အနည်းအများကွာခြားချက်ရှိကြောင်း၊ ပန်းပွင့်ချိန် သဘာဝအရ ပန်းပွင့်ရက် ဒုတိယရက်တွင် အများဆုံးအောင်မြင်မှုရှိကြောင်းနှင့် မျိုးအလိုက်လည်း ဝတ်မှုန်ကွဲမှု၊ မျိုးကူးအောင်မြင်မှု ကွာခြားချက်အနည်းငယ်ရှိကြောင်းသိရှိရသည်။ အပင်၏အဖျားဖူးနှင့် ကြားဖူးများမှ တစ်ရှူးမွေးမြူနည်းဖြင့်မျိုးပွားမွေးမြူနိုင်သလို မျိုးကောင်းများကို မူရင်းအတိုင်းရရှိစေရန် ကိုင်းဖြတ်ခြင်းနည်း၊ အဖူးမြှုပ်ခြင်းနည်းများဖြင့်လည်း မျိုးပွားများယူနိုင်ကြောင်းသိရသည်။ ဒန့်သလွန်ပင်ကိုသီးသန့်စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပီလောပီနံ၊ နာနတ်၊ ပြောင်းတို့နှင့်လည်းကောင်း သီးညှပ်စိုက်ပျိုးနိုင်သည်။ ပိုးကျရောက်မှုနည်းပါးသော်လည်း ကျရောက်တတ်သည့် ရောဂါပိုးမွှားများကိုသိရှိထားသင့်သည်။

အိန္ဒိယ၊ ထိုင်း၊ လာအို၊ မြန်မာတို့နှင့်ဆက်စပ်လေ့လာမှုရှိကြောင်းနှင့် ပူးတွဲဆောင်ရွက်သည့် စီမံချက်များလည်းရှိခဲ့ကြောင်းသိရသည်။ ဒန့်သလွန်ကို စိတ်ဝင်စားသုံးစွဲသောနိုင်ငံများ၊ စားသုံးသီးနှံအဖြစ် သာမက ဆေးဖက်ဝင်တန်ဖိုးရှိပစ္စည်းအဖြစ် သုံးစွဲနေသောနိုင်ငံ အများအပြားရှိကြောင်းတွေ့ရှိရသည်။ တရုတ်နိုင်ငံတွင် ဒန့်သလွန်ပင်ကို ပုံစံမျိုးစုံဖြင့် စိုက်ပျိုးလေ့ရှိပြီး စမ်းသပ်လေ့လာမှုအမျိုးမျိုးဖြင့် သုတေသနပြုဆောင်ရွက်ချက်များလည်းရှိသည်။

ဒန့်သလွန်ကိုကုန်ကြမ်းပြုလုပ်၍ တိရစ္ဆာန်အစာတောင့်ပြုလုပ်ခြင်း၊ ဒန့်သလွန်ကို အစာစပ်ထည့်၍ ကျွေးမွေးခြင်းကြောင့် အသားဖြစ်စေမှုတိုးခြင်း၊ ကြွက်သားဖွံ့ဖြိုးမှုတိုးခြင်း၊ ရောဂါခံနိုင်ရည်တိုးတက်စေပြီး ကျန်းမာသန်စွမ်းစေခြင်း၊ ထွက်ရှိသောအသားမှာနူးညံ့ပြီး အရသာထူးကဲကောင်းမွန်စေခြင်း၊ အသားထွက်ကောင်း၍ အလေးချိန်တိုးစေခြင်း အကျိုးများရစေကြောင်း သုတေသနစာတမ်းများအရ လေ့လာသိရှိရသည်။

ဒန့်သလွန်ရွက်အမှုန့်ကို ပျားရည်နှင့်ဆတူရောစပ်၍ တိုင်းရင်းရိုးရာ အသားအရေထိန်းသိမ်းရေးအတွက် အသုံးပြုကြရာမှ ယခုအခါ ဒန့်သလွန်အခြေခံ အလှကုန်ပစ္စည်းအမျိုးမျိုးကိုပါ ထုတ်လုပ်သုံးစွဲလာကြကြောင်းတွေ့ရှိရသည်။

ဒန့်သလွန်ပင်တစ်ပင်၏ ဘက်စုံအသုံးဝင်မှုကို လေ့လာပြီး အဆင့်မြင့်ထုတ်ကုန်များ၊ ဆေးဝါး အစားအစာ၊ အလှကုန်အမျိုးမျိုး၊ တိရစ္ဆာန်ဖြည့်စွက်စာများ စသည်ဖြင့် အကျိုးရှိပစ္စည်းအသုံးအဆောင်များပါ ပြုပြင်ထုတ်လုပ်သုံးစွဲနိုင်သောကြောင့် ဒန့်သလွန်ပင်တိုးချဲ့စိုက်ပျိုးရေးကို တစ်နည်းတစ်လမ်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။






**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၇၈/မမ/CE | **(1"x1$^{1/2}$")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၂၁၉၅၀)ကျင်းအား အောက်ပါ(ဘူတာ/ကျောက်စုပုံကွင်း) အရောက်ဝယ်ယူရန်** (ထုံးဖို= ၁၂၀၀၀ ကျင်း၊ ဘဲလင်း= ၂၀၀၀ ကျင်း၊ မုပ္ပလင်= ၅၉၅၀ ကျင်း၊ အင်တောကျယ်= ၁၀၀၀ ကျင်း၊ ဇင်းကျိုက်= ၁၀၀၀ ကျင်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၅-၁၁-၂၀၂၅)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၁-၁၀-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

**အမည်မှန်**
အ.မ.က(၈၈)မင်းကုန်းကြီး၊ ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Grade-5 မှ မောင်ဘုဏ်းမြတ်သော်၏မိခင် ဒေါ်ဇင်ပြုံးဦး၏အမည်မှန်မှာ ဒေါ်ဇင်အေးမာ ၁၄/ပသန(နိုင်)၂၃၈၅၃၈ ဖြစ်ပါကြောင်း။ **ဒေါ်ဇင်အေးမာ**

**ဖခင်အမည်မှန်**
အ.ထ.က(၇)ပုသိမ်မှ အထက်တန်းပြဆရာမ ဒေါ်ဇာနည်လွင် ၁၂/လမန(နိုင်)၁၂၉၈၀၉ ၏ဖခင်အမည်မှန်မှာ ဦးမောင်ကူး ဖြစ်ပါကြောင်း။
**ဦးမောင်ကူး**

**ပျောက်ဆုံးကြောင်း**
ဦးကျော်ဝင်း(ဘ)ဦးမြဟန် ၁၄/ပသရ(နိုင်)၀၅၅၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၇၂၂၀၀**

**ပျောက်ဆုံးကြောင်း**
မေသော်ဇင်ဦး(ဘ)ဦးမောင်ထွေး ၇/ညလပ(နိုင်)၂၃၈၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၆၆၉၂၅၉၇**

**ပျောက်ဆုံးကြောင်း**
ကျော်သူရ ၇/ပခန(နိုင်)၅၂၂၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 531332)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၁၁၉၁၀၃**

**ပျောက်ဆုံးကြောင်း**
ကာမာလာ(ခ)မျိုးသီတာ(ဘ)ဦးမိုဟန်ပရာဆပ် ၁/မကန(နိုင်)၁၃၄၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 153013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ဓာခြည်သိမ့်(ဘ)ဦးဟန်ရှိန် ၁၄/ကပန(နိုင်)၂၂၃၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
စိုင်းလောင်လှိုင်း(ဘ)ဦးအိုက်အေ ၁၃/သနန(နိုင်)၀၁၂၁၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 587999)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
ကျော်သီဟထွန်း(ဘ)ဦးညဏ်ထွန်း ၁၂/စခန(နိုင်)၀၇၃၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 398017)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

**ပျောက်ဆုံးကြောင်း**
ဇော်ထက်အောင်(ဘ) ဦးငွေဝင်း ၁၂/သကတ(နိုင်)၁၈၁၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 873204)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
သန်းအောင်(ဘ)ဦးတက်တိုး ၁၂/သကတ(နိုင်)၀၂၇၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၅၄၁၈၉၉၉**

**ပျောက်ဆုံးကြောင်း**
ရွှေမြတ်(ဘ)ဦးချင်းဝိလိန် ၁၃/သပန(နိုင်)၀၅၉၃၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၃၅၇၇၇၇၃**

**ပျောက်ဆုံးကြောင်း**
ခွန်အောင်သူ(ဘ)ဦးမြင့်သိန်း ၇/ကကန(နိုင်)၀၆၃၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
ဝင့်ဝင့်ဝါ(ဘ)ဦးကြည်စိုး ၁၂/ဥကမ(နိုင်)၂၀၁၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၀၃၅၅၈၅၂**

**ပျောက်ဆုံးကြောင်း**
မေသန္တာထွန်း(ဘ)ဦးဘိုနီ ၇/ရတရ(နိုင်)၁၉၁၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၈၆၃၃၅၀၇**

**ပျောက်ဆုံးကြောင်း**
အရှင်သုမင်္ဂလ(ဘ)ဦးထွန်းလေ့ ၁၂/ဥကမ(သ)၀၀၃၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၉၄၉၁၉၁၈**

**ပျောက်ဆုံးကြောင်း**
မောင်မောင်(ဘ)ဦးဘာဘူ ၁၄/ခနဖ(နိုင်)၀၉၀၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၂၅၄၀၂၁၆**

**ပျောက်ဆုံးကြောင်း**
ကျော်စိန်(ဘ)ဦးမောင်စိန် ၁၂/သဃက(နိုင်)၁၂၈၀၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၃၈၉၁၁၁၄**

**ပျောက်ဆုံးကြောင်း**
ခင်မောင်လတ်(ဘ)ဦးဘာဘူလူး ၁၂/သဃက(နိုင်)၂၂၃၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၉၁၈၃၈၅၂**

**ပျောက်ဆုံးကြောင်း**
ကက်သလင်း(ဘ)ဦးယားတီ ၁၃/ဖခန(နိုင်)၀၈၇၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 144900)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
စိုင်းဟတ်(ဘ)ဦးစိုင်းဆိုင်လင်ပိန်း ၁၃/မနတ(နိုင်)၀၀၅၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်-ပုသိမ်လမ်း လမ်းတိုးချဲ့အဆင့်မြှင့်တင်ခြင်းကြောင့် မလွတ်ကင်းသော ၃၃ နှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် အမှတ်(၄)လမ်းမကြီးပေါ်ရှိ လွတ်ကင်းမှုမရှိသော 33 & 6.6 & 0.4kV ဓာတ်အားလိုင်းများအား ပလက်ဖောင်းနှင့်လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းတို့တွင် လိုင်းအူကြောင်းပြောင်းလဲခြင်းကြောင့် ထပ်မံလိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၂-၁၀-၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇-၁၁-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**
ဇူပန်မို(ဘ)ဦးဝင်းမြိုင် ၁၄/ညတန(နိုင်)၂၃၄၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 478285)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
လှသန္တာဝင်း(ဘ)ဦးလှချို ၁၂/သခန(နိုင်)၁၁၉၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
အောင်မြင့်မြတ်(ဘ)ဦးထွန်းဝင်း ၉/မဟမ(နိုင်)၀၁၄၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ မောင်ကိုဦး(ဘ)ဦးကျော်မြင့် ၉/မထလ(နိုင်)၁၂၆၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ တင်မာအေး(ဘ)ဦးဟာမံ ၉/မထလ(နိုင်)၂၀၁၆၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

**ပျောက်ဆုံးကြောင်း**
ဝမ်းတွင်းမြို့နယ်၊ နတ်နန်းရွာနေ မဖြူဖြူကျော်(ဘ)ဦးတင်လှိုင် ၉/ဝတန(နိုင်)၁၇၁၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 583556)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၅၉၂၂၈၄၆**

**ပျောက်ဆုံးကြောင်း**
မခင်ဆည်းဆာ(ဘ)ဦးချစ်ဦး ၁၂/ဥကတ(နိုင်)၂၀၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၁၆၈၁၀**

**ပျောက်ဆုံးကြောင်း**
လှမျိုးမင်း(ဘ)ဦးအောင်သန်း ၁၄/ဟသတ(နိုင်)၂၆၂၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်(ဘ)ဦးကျင်ငွေ ၁၄/ပသရ(နိုင်)၀၈၁၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၃၅၁၄၅**

**ပျောက်ဆုံးကြောင်း**
ထွန်းရွှေ(ဘ)ဦးသင်္ခါကျော် ၁၁/မဥန(နိုင်)၀၆၁၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၁၁၅၄၉၇**

**ပျောက်ဆုံးကြောင်း**
BEJOLLY CHAKARABATI (ဘ) ဦးကာလီပဒါချာကရာဘာတီ ၁၁/စတန(ပြု)၀၀၀၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၂၂၆၉**

**ပျောက်ဆုံးကြောင်း**
သန္တာထက်(ဘ)ဦးလှရှိန် ၁၄/ကလန(နိုင်)၂၀၄၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၄၆၇၅၃၈**

**ပျောက်ဆုံးကြောင်း**
နန့်ခိုင်နှင်းဝေ(ဘ)ဦးဝေလင်း ၁၄/ဝခမ(နိုင်)၃၃၂၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 597729)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၃၂၁၀၂၀၈**

**ပျောက်ဆုံးကြောင်း**
နှင်းနန္ဒာအောင်(ဘ)ဦးစိုးနိုင် ၁၄/သပန(နိုင်)၁၂၈၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၂၉၃၀၀၁၂**

**ပျောက်ဆုံးကြောင်း**
ငြိမ်းသဇ္ဇာအောင်(ဘ)ဦးအောင်ဦး ၁၂/သခန(နိုင်)၀၀၀၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 963436)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၂၅၆၆၁၁**

**ပျောက်ဆုံးကြောင်း**
ခင်ခင်ဌေး(ဘ)ဦးလုံးမောင် ၁၁/တကန(နိုင်)၀၈၆၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
မြင့်အောင်(ဘ)ဦးထွန်းမြင့် ၁၁/သတန(နိုင်)၀၆၄၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၀၂၈၈၈၅**

**ပျောက်ဆုံးကြောင်း**
ဗန်ရှီလျန်(ဘ)ဦးဖိုင်လွယ် ၄/ဟခန(နိုင်)၀၆၈၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၅၃၂၉၉၆**

**ပျောက်ဆုံးကြောင်း**
ဟိန်းမိုးဇင်(ဘ)ဦးမြင့်သိန်းထွန်း ၁၂/သဃက(နိုင်)၁၈၇၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၀၁၂၆၄၆**

**ပျောက်ဆုံးကြောင်း**
အေးစိုး(ဘ)ဦးအုပ်စိုး ၁၂/ကမရ(နိုင်)၀၃၄၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၂၄၁၆၁**

**ပျောက်ဆုံးကြောင်း**
နော်မူးရာအေး(ဘ)ဦးစောစီတိုး ၇/ကတခ(နိုင်)၂၂၅၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 233590)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**စာပေမြင့်မှ**
**လူမျိုးတင့်မည်**

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
မြဝတီမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ပုလဲရွှေလမ်းနေ ဒေါ်ခင်ခင်သစ်(ဘ)ဦးစံပု ၁၄/လပတ(နိုင်)၁၅၁၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၃၃၆၂၈၀၆**

**ပျောက်ဆုံးကြောင်း**
မြဝတီမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ရွှေမြေ(၁)လမ်းနေ ဒေါ်ခင်အုန်းမြင့်(ဘ)ဦးဘရွှေ ၁၀/မလမ(နိုင်)၁၀၂၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၆၂၃၉၃၉၀**

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ ကျော်ကျော်ထွန်း(ဘ)ဦးမာ ၇/ပခန(နိုင်)၃၀၀၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
သာယာဝတီမြို့၊ သာယာအေးရွာနေ ပြည့်ဖြိုးဇော်(ဘ)ဦးသိန်းမြိုင် ၇/သဝတ(နိုင်)၁၅၃၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၉၃၅၉၂၅၄**

**ပျောက်ဆုံးကြောင်း**
ဖယ်ခုံမြို့နယ်၊ ဝါရီဆူးမလိုင်ရွာနေ မေရီမိုး(ဘ)ဦးခွန်းငင် ၁၃/ဖခန(နိုင်)၀၇၆၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၁၂၈၂၃၇၀**

**ပျောက်ဆုံးကြောင်း**
တောင်သာမြို့၊ ဘုရားလှကျေးရွာနေ သန့်ဇင်ကျော်(ဘ)ဦးမြင့်သူ ၉/တသန(နိုင်)၂၄၇၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ကျောက်မဲမြို့နယ်၊ ရပ်ကွက်(၈)၊ နယ်မြေ(၄)နေ ဒေါ်ချိန်ဖူရီ(ဘ)ဦးချိန်ယိုးဗု ၁၃/ကမန(နိုင်)၀၂၇၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ကျောက်မဲမြို့နယ်၊ ရပ်ကွက်(၈)၊ နယ်မြေ(၄)နေ ခင်အေး(ခ)မြရွှေ(ဘ)ဦးလောဂျာ ၁၃/ကမန(နိုင်)၀၆၃၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

# တံတားဦးမြို့ လူထုအခြေပြုဗဟိုဌာန၌ ဝါးခမောက်ရက်လုပ်နည်းသင်တန်းဖွင့်လှစ်

**တံတားဦး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဝါးခမောက်ရက်လုပ်နည်းသင်တန်းကို အောက်တိုဘာလ ၂၀ ရက်က ဖွင့်လှစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်စန်းစန်းအေးက ဝါးခမောက်ရက်လုပ်နည်းအကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ဝါးခမောက်ရက်လုပ်နည်းကို လက်တွေ့သင်ကြားပေးသည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာအခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသို့ တံတားဦးခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ဝါးခမောက်ရက်လုပ်ရန်အတွက် နီးကိုပိဿာချိန်ဖြင့် ဝယ်ယူရကြောင်း၊ နီးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ပေးဝယ်ယူရကြောင်း၊ နီးတွင် အတို၊ အရှည် နှစ်မျိုးရှိပြီး မိမိလိုချင်သော အရောင်ကိုဆေးသုတ်ရသည်။ ဝါးခမောက်ရက်လုပ်ခြင်းနှင့် နီးခြင်းရက်လုပ်နည်းတို့သည် အတူတူပင်ဖြစ်သည်။ နီးများဖြင့် မုန့်ထည့်ခြင်း၊ သစ်သီးထည့်ခြင်း၊ ဗန်း၊ တောင်း၊ စကာ၊ ထမင်းအုပ်ဆောင်း၊ ခမောက်၊ လက်ဆွဲခြင်း၊ စသည့်အသုံးအဆောင်ပစ္စည်းများ ရက်လုပ်နိုင်သည်။ ဝါးခမောက်ရက်လုပ်သူတစ်ဦးလျှင် တစ်နေ့လျှင် ဝါးခမောက် ၁၅ လုံးခန့်ပြီးစီးကြောင်း အလုပ်သမားတစ်ဦးငှားရမ်းလျှင် ဝါးခမောက်ရက်လုပ်ခ တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ပေးရကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



# ဒိုက်ဦးမြို့နယ်၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**ပဲခူး အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ဒိုက်ဦးမြို့နယ်သပြေတောကျေးရွာ၌ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အတူ သပြေတောကျေးရွာ၌ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ သပြေတောကျေးရွာ၌ သောက်သုံးရေရရှိရေး အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ မီတာတပ်ဆင်ခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာပြည်သူများအတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဦး

# ပွင့်ဖြူမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး


**ပွင့်ဖြူ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်းဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေးခြင်းကို အောက်တိုဘာလ ၂၀ ရက်က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့်ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးရောင်းဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်၊ ဈေးဝယ်လာပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှထည့်စရာတစ်ခုခုကို တစ်ပါတည်းယူဆောင်လာကြရန်၊ ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေးစနစ်တကျဆောင်ရွက်ကြရန် အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်းဈေးဝယ်သူများကို အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)




# ရွှေတောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ရွှေတောင် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၁ ရက်တွင် အခြေခံပညာမူလတန်းကျောင်း(ကမ်းတင်)နှင့် အခြေခံပညာမူလတန်းကျောင်း(စိုက်ပျိုးရေးရွာသစ်)တို့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့်ဖြစ်စဉ်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များတွေ့ကြုံနေရသည့် လူကုန်ကူးမှုအန္တရာယ်များအကြောင်းကို အသိပညာပေးရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာဗဟုသုတများပြည့်စုံစေရေး စာပေလေ့လာဖတ်ရှုကြရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရန်တို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်က စားသုံးသူနှင့်အဓိပ္ပာယ်၊ ကုန်အညွှန်းအမှတ်အသားများအကြောင်းကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နီလာမြင့်က သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးပညာ၏အသုံးဝင်ပုံနှင့် ဆေးဖက်ဝင်အပင်များအကြောင်းတို့ကိုလည်းကောင်း အသီးသီးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကစားမက်တဲ့ရွှေငါးလေး ခေါင်းစဉ်ဖြင့် စက္ကူပြဇာတ်ရုပ်ပုံစာအုပ်ဖြင့် ပုံပြောခြင်းကိုဆောင်ရွက်သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များပြသခြင်း လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ကိုကိုမင်း( ပြန်/ဆက်)

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှစစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့်တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)) အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။



အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ
အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
Fresh LEMON




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
WQA
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
“ စိတ်ချရတာ မြဝတီဘဏ် ”
MPU
Phone No : (01) 2301367, 2301368, 2301452, 2301378




မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

❖ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး ၃ ပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ရည်ရွယ်တဲ့ ထာဝရတည်မြဲသောနိုင်ငံရေးပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။


❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) အဖြစ်သို့ရောက်ရှိခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ➢






ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန် အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက်

စာမျက်နှာ ၁၁ ကော်လံ ၁ ❒

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးနှင့်အမိုးသွပ်ပြားများအား အထူးကုန်ရထားဖြင့် ပို့ဆောင်**

စာ- ၁၅သို့

........................

**နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင်အမျိုးသား ၃၀ ဦးနှင့် အမျိုးသမီး ၆ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်**

စာ- ၆ သို့

## သီပေါမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီအင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍



သီပေါမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကိုတွေ့ရစဉ်။

